ကြေးမုံ

The Mirror

၁၃၆၉ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်၊ အင်္ဂါနေ့၊ (11-3-2008) (၅၆၁၉)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံဝန်ကြီးချုပ် မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီးလာရောက်မည်

နေပြည်တော် မတ် ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲ့ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်သည်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ရန်ကုန်တိုင်းကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၀၈) ကျင်းပ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ရန်ကုန်တိုင်း ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၀၈) ကျင်းပစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ရန်ကုန်တိုင်း ကော်မရှင်အဖွဲ့ခွဲ ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၀၈)ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် သဘာပတိများအဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးသောင်းညွှန့်နှင့် ဦးမြတ်သူတို့က ဆောင်ရွက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ *

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး ပြည်သူတစ်ရပ်လုံးက ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်

လက်တွဲညီညာ ကြိုးပမ်းအားထုတ်ဆောင်ရွက်ခဲ့မှုကြောင့် ရရှိဖြစ်ထွန်းလာသော အောင်မြင်မှုများနှင့်အတူ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ကြရပါဦးမည်။ ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး လုပ်ငန်းစဉ်များကို အချိန်ကာလ သတ်မှတ်ချက်နှင့်အညီ ဆက်လက်အကောင်အထည်ဖော်ရေးအတွက် ပြည်သူတစ်ရပ်လုံးက ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြရဦးမည်ဖြစ်သည်။

ခိုင်မျိုးညီလာအောင် ၏ **“ဒို့အနာဂတ် ဒို့ဖန်တီးဖို့ အခြေခံဥပဒေ အတည်ပြုစို့ (၂)”** (ဆောင်းပါး) စာမျက်နှာ—၆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၁၁-၃-၂၀၀၈
(အင်္ဂါနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရေထွက်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်တင်ပို့ရေးကြိုးပမ်း

မြန်မာနိုင်ငံရှိ မြစ်ချောင်းများ၊ မြစ်လက်တက် ရေပြင်ကျယ်များနှင့် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် ရေချို၊ ရေငန်၊ ငါး၊ ပုစွန်များ ကြွယ်ဝသည်။ ရေချို ငါး၊ ပုစွန် မွေးမြူထုတ်လုပ်ရေးနှင့် ပင်လယ်ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လျက်ရှိသည်။

ငါး၊ ပုစွန်၊ ကဏန်း၊ ငါးရှဉ့်စသည့် ရေထွက်ပစ္စည်းများကို ပြည်တွင်းစားသုံးမှုအတွက် ဖြန့်ဖြူးလျက်ရှိသည့်အပြင် ပုံမှန်ကုန်သွယ်ရေး၊ နယ်စပ်ကုန်သွယ်ရေးတို့မှ ပြည်ပ နိုင်ငံများသို့ တင်ပို့ရောင်းချနေကြသည်။ မြိတ်မြို့ဆိပ်ကမ်းမှ ကွန်တိန်နာတင်သင်္ဘောများဖြင့် တင်ပို့သကဲ့သို့ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် အအေးခန်းများမှတစ်ဆင့်လည်း တင်ပို့ကြသည်။

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်သို့ ရခိုင်ကမ်းရိုးတန်းမှ ကဏန်းများ၊ ငါးရှဉ့်များ၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့မှ ငါး၊ ပုစွန်များကို တစ်နှစ်ပတ်လုံး တင်ပို့ရောင်းချလျက်ရှိသည်။ မြန်မာ-တရုတ် နယ်စပ်သို့ ငါးအမျိုးအစား ၅၀ ခန့် နေ့စဉ်တင်ပို့နေကြောင်း သိရသည်။

မြန်မာ့ရေထွက်ကုန်ပစ္စည်းများကို ဂျပန်နိုင်ငံနှင့် တရုတ်နိုင်ငံ ဈေးကွက်တို့သို့ အများဆုံးတင်ပို့လျက်ရှိပြီး ဈေးကွက်၏ လိုအပ်ချက်နှင့်အညီ စံချိန်စံညွှန်းမီ အဆင့်မြင့် ထုတ်လုပ်တင်ပို့နိုင်ရေး ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်သည်။ အထူးသဖြင့် ငါး၊ ပုစွန်များ ထုတ်လုပ်တင်ပို့ရာတွင် လတ်ဆတ်မှုရှိရေး၊ နည်းပညာပိုင်း အဆင့်မြင့်မားမှုရှိရေးတို့အတွက် ဆက်လက်အားထုတ်ကြရဦးမည်ဖြစ်သည်။

ထို့အပြင် ပြည်ပဈေးကွက်တွင် ဈေးကောင်းရရှိနေသည့် ငါးမုတ်၊ ကကူရံ၊ ငါးသလောက်တို့ကို ဖမ်းဆီးရာ၌ ပိုက်ကွက်အရွယ် အစားသေးများကို အသုံးပြုလာကြခြင်းကြောင့် ငါးမျိုးသုဉ်းမသွားရေး၊ ငါးကြီးငါးကောင်း အရွယ်အစားများရရှိရေး စနစ်တကျထိန်းသိမ်းဖမ်း ယူကြရမည်ဖြစ်သည်။

ဈေးကွက်သို့ ငါး၊ ပုစွန်များ တင်ပို့ရာတွင် ကုန်ကြမ်းအဆင့်မှသည် အသင့်ချက်စားနိုင်သည့်အဆင့်၊ အသင့်စားသုံးနိုင်သော အဆင့်တို့အထိ တန်ဖိုးမြှင့်ထုတ်လုပ်တင်ပို့ခြင်း၊ နိုင်ငံတကာ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်အညီ အဆင့်မြင့်ထုတ်လုပ်ခြင်း၊ ရေချို၊ ရေငန် ငါး၊ ပုစွန်များ တိုးချဲ့မွေးမြူထုတ်လုပ်ခြင်းတို့ဖြင့် မြန်မာ့ရေထွက်ပစ္စည်းများ ပြည်ပဈေးကွက်သို့ ထိုးဖောက်တင်ပို့လာနိုင်မည် ဖြစ်ပါသည်။ ။

ရန်ကုန်တိုင်း သာကေတမြို့နယ် (၇)ရပ်ကွက် ဇိနမာရ်အောင်စေတီ အနီး မိုးကုတ်ဝိပဿနာ သုညတဓမ္မကျောင်းတိုက်အတွင်း မဂ္ဂဓမ္မလေးထပ်ကျောင်းအတွက် မတည်အလှူရှင် ဒေါ်ခင်စိန်မိသားစု သုဝဏ္ဏမြို့နယ်က အလှူငွေကျပ်တစ်သိန်းကို သုညတဓမ္မဆရာတော် ဦးစန္ဒသေနထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

နှင်းဆီကုန်းဘိုးဘွားရိပ်သာ စိန်ရတုနှစ် ဂုဏ်ပြုပွဲကျင်းပ ဒေါ်ဦးဗွန်းအထိမ်းအမှတ် လေးထပ်ဘိုးဘွားဆောင်ဖွင့်

ရန်ကုန် မတ် ၁၀

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်ရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၏ (၇၅)နှစ်မြောက် စိန်ရတုနှစ် ဂုဏ်ပြုပွဲနှင့် ဒေါ်ဦးဗွန်းအထိမ်းအမှတ် လေးထပ်ဘိုးဘွားရိပ်သာဆောင်သစ်ဖွင့်ပွဲ အခမ်းအနားများကို ယမန်နေ့ နံနက် ၈ နာရီတွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာရှိ သီရိရတနာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် ဇနီးဒေါ်မာမာဝေတို့ တက်ရောက်အားပေး ချီးမြှင့်ကြသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း နှင်းဆီကုန်းဘိုးဘွားရိပ်သာ၏ (၇၅)နှစ်မြောက် စိန်ရတုနှစ် ဂုဏ်ပြုပွဲတွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ မော်ကွန်းတင်ထားရှိမည့် မော်ကွန်းစာနှင့် ရိပ်သာ၏ ကျေးဇူးရှင်ကြီးများဖြစ်ကြသော တိုင်းကျိုးပြည်ကျိုးဆောင်ဘွဲ့ရ ဒေါ်ဦးဗွန်းနှင့် သတိုးသီရိသုဓမ္မဘွဲ့ရ မြန်မာ့အလင်း ဦးတင်တို့၏ ပုံတူပန်းချီကားကြီးများကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

အစီအစဉ်အရ နှင်းဆီကုန်း ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန် (အငြိမ်းစား)က နှင်းဆီကုန်းဘိုးဘွားရိပ်သာ (၇၅)နှစ်မြောက် စိန်ရတုနှစ် ဂုဏ်ပြုပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက နှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် မော်ကွန်းတင်ထားရှိမည့် မော်ကွန်းစာနှင့် ရိပ်သာ၏ ကျေးဇူးရှင်များဖြစ်ကြသော တိုင်းကျိုးပြည်ကျိုးဆောင်ဘွဲ့ရ ဒေါ်ဦးဗွန်းနှင့် သတိုးသီရိသုဓမ္မဘွဲ့ရ မြန်မာ့အလင်းဦးတင်တို့၏ ပုံတူပန်းချီကားကြီးများကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဒေါ်ဦးဗွန်းအထိမ်းအမှတ် လေးထပ် ဘိုးဘွားဆောင်ကြီးအတွက် အလှူရှင်များက မတည်ငွေများပေးအပ်လှူဒါန်းရာတိုင်းမှူးနှင့် ဇနီးတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် နှင်းဆီကုန်း ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့ နာယက ဦးမောင်တင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွဋ်တို့က စိန်ရတုနှစ်မဂ္ဂဇင်းနှင့် စိန်ရတုနှစ်စာအုပ်များကို ဂုဏ်ပြုရေးသားပေးကြသော စာရေးဆရာကြီး ရှစ်ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နှင်းဆီကုန်း ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌက စိန်ရတုနှစ်အထိမ်းအမှတ် ရေးသားထုတ်ဝေသောစာအုပ်များနှင့် ဓမ္မပူဇာတရားတော်စာအုပ်များကို တိုင်းမှူးထံ ဓမ္မလက်ဆောင်အဖြစ် ပေးအပ်သည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက နှင်းဆီကုန်းဘိုးဘွားရိပ်သာ စိန်ရတုခန်းမနှင့် ဒေါ်ဦးဗွန်း အထိမ်းအမှတ် လေးထပ်ဘိုးဘွားဆောင်သစ်၏ မော်ကွန်းတင်ကမ္ပည်းစာတန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် ဧည့်သည်တော်များသည်ဘိုးဘွားဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှု အားပေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရေနံချောင်းမြို့ အထက(၁)တွင် ဆရာတော်အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) မတည်၍ လှူဒါန်းဆောက်လုပ်လျက်ရှိသော ရွှေပါရမီကျောင်းဆောင်သစ် အတွက် ရေနံချောင်းမြို့၊ မန်ကျည်းလေးပင်ရပ်နေ ဦးကံမြင့်-ဒေါ်ခင်တုတ် သား၊ သမီး၊ မြေးတစ်စု(ပန်းစည်း ဆေးလိပ်ခုံ)မှ လှူဒါန်းငွေ ကျပ်တစ်သိန်းကို ကျောင်းဆောက်လုပ်ရေးကော်မတီအတွင်းရေးမှူး ဦးကျော်လွင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာ့ပရိဘောဂပြပွဲ ၂၀၀၈ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၀

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များ အသင်းကကြီးမှူး၍ မတ် ၃ ရက်မှ စတင်ကာ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသလျက်ရှိသော မြန်မာ့ပရိဘောဂပြပွဲ ၂၀၀၈ တွင် ဆုရရှိကြသော ကုမ္ပဏီများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ပြပွဲနောက်ဆုံးနေ့ဖြစ်သည့် ယမန်နေ့ ညနေ ၃ နာရီတွင် အဆိုပါခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သစ်တောရေးရာ ဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက အမှာစကားပြောကြားပြီး ခင်းကျင်းပြသမှုအလိုက် ပထမဆုရ သစ်တောစိုက်ခင်းတိုးချဲ့စေရေးနှင့် ပြန့်ပွားစေရေးပြခန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းနာယက ဦးအောင်လွင်က ဒုတိယဆုရ ထူးထရိတ်ဒင်းကုမ္ပဏီလီမိတက်ပြခန်းကို လည်းကောင်း၊ မြန်မာ့သစ်လုပ်ငန်းအထွေထွေမန်နေဂျာ (ပြည်ပရောင်း)ဦးထူးအောင်က တတိယဆုရ ကြိမ်၊ ဝါးလုပ်ငန်းစု ကော်မတီက ခင်းကျင်းပြသသည့် ပြခန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိန်လွင်က စတုတ္ထဆုမှ သတ္တမဆုအထိ ရရှိကြသော ကုမ္ပဏီပြခန်းများကို လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက ပြပွဲတွင်ပါဝင်ပြသလျက်ရှိသော ပြခန်းများအားအထိမ်းအမှတ် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ကြပြီး မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးစိန်လွင်က ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အထက(၁)ဒဂုံ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၀

၁၉၇၅-၂၀၀၈ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြပြီး အသက် ၆၀ ပြည့် ဆရာကြီး၊ ဆရာမကြီးများအား မတ် ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အထက(၁)ဒဂုံ ဒဂုံသီရိခန်းမ၌ ဆရာကန်တော့ပွဲ ကျင်းပမည်ဖြစ်သည်။ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး ပါဝင်တက်ရောက်ကြပါရန်နှင့် အလှူငွေများပါဝင်လှူဒါန်းလိုသော ကျောင်းသား၊ ကျောင်းသူဟောင်းများသည် မြတ်စိုးဝင်း (Techno Land) ဖုန်း-၂၄၉၅၆၅၊ ဇော်မင်းဦး (Moon Bakery) ဖုန်း-၀၉၅၀၀၂၅၇၁၊ သီရိမာ ဖုန်း-၀၉၅၀၂၁၂၄၁၊ ချိုလေးလွင် ဖုန်း-၀၉၉၉၇၂၅၈၀၊ ကေခိုင်လင်း ဖုန်း-၀၉၅၁၂၇၂၁၅၊ အောင်သူထွန်း ဖုန်း-၀၉၅၁၃၂၈၅၁၊ သတ္တိ ဖုန်း-၀၉၅၁ ၆၅၉၈၂၊ သားစိုး ဖုန်း-၀၉၅၁၄၀၂၁၀၊ မမိုးဦး ဖုန်း-၅၄၁၉၂၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ၂၇ ရက်က စမ်းချောင်းမြို့နယ် အမက (၂)ကျောင်း၌ ကျင်းပသည့် မူလတန်းဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးစိန်လင်းက Grade-5 မှ မမိုးထက်ထက်လွင်အား သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။ (က-ပ)

*** ရှေ့ဖုံးမှ**

ရှေးဦးစွာ သဘာပတိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး ကော်မရှင်အဖွဲ့ဝင် ဦးသောင်းညွန့်က အဖွင့်အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ရန်ကုန်တိုင်း ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေနှင့် နည်းဥပဒေများကို လည်းကောင်း၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ရန်ကုန်တိုင်း ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက ခရိုင်ကော်မရှင်အဖွဲ့ခွဲနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းတာဝန်ပေးအပ်ထားမှုနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး သဘာပတိ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး ကော်မရှင်အဖွဲ့ဝင် ဦးသောင်းညွန့်က နိဂုံးချုပ် အမှာစကားပြောကြားသည်။ (သတင်းစဉ်)

ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနများကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၀

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမျိုးညွန့်နှင့် ဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ နေပြည်တော် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ နေပြည်တော်ပျဉ်းမနား အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ နေပြည်တော်လယ်ဝေး အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းများရှိ တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနများသို့ သွားရောက်၍ ကျောင်းသား၊ ကျောင်းသူများ၏ စာမေးပွဲဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

အလားတူ မြန်မာနိုင်ငံစာစစ်အဖွဲ့ ဥက္ကဋ္ဌ ဦးအုန်းမြင့်နှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူတို့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ အလုံမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း၊ လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် ရန်ကုန် ပြည်သူ့ဆေးရုံကြီးတို့ရှိ တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနများသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယနေ့ နံနက် ၉နာရီမှစတင်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာစစ်ဌာန ၁၃၃၄ ခုနှင့် နိုင်ငံရပ်ခြားရှိ မြန်မာနိုင်ငံသံရုံးများရှိ စာစစ်ဌာန ၁၆ခု စုစုပေါင်း စာစစ်ဌာန ၁၃၅၀ တို့၌ ကျင်းပရာ နိုင်ငံခြားစာစစ်ဌာနများ အပါအဝင် မြန်မာတစ်နိုင်ငံလုံးရှိ စာစစ်ဌာနများ၌ စာဖြေသူစုစုပေါင်း ၆၀၉၃၀၇ ဦး စာရင်းသွင်းဖြေဆိုကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပေါက်ခေါင်းမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး

ရန်ကုန် မတ် ၁၀

ပေါက်ခေါင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ နိုင်ငံတော်ကဆက်ကပ်သည့် ဘာသာရေးဆိုင်ရာဘွဲ့တံဆိပ်တော် ခံယူတော်မူသော ပေါက်ခေါင်းမြို့ ပညာဓောတာရုံကျောင်းတိုက်မှ စာချဆရာတော် ဘဒ္ဒန္တဧကမဟာဂန္ထဝါစကပဏ္ဍိတအား ထပ်ဆင့် ဂုဏ်ပြုပူဇော်ပွဲ၊ သက်ကြီး ပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၂၃ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် တိုက် (၆၈) အခန်း (၄) ဆရာကြီးဦးထွဋ်၏ နေအိမ်နှင့် မျက်နှာချင်းဆိုင်ရှိ သာသနဟိတကာရီဓမ္မာရုံ၌ ကျင်းပရန် စီစဉ်ထားသည်။

ဆက်သွယ်စာရင်းပေး

အသက်(၇၅)နှစ်နှင့်အထက် ကန်တော့ခံအသင်းဝင်များနှင့် အသင်းဝင်များ၏ မိဘများ၊ ၂၀၀၆–၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏သားသမီးများစာရင်းကို မတ် ၁၄ရက်နောက်ဆုံးထား၍ အထောက်အထားများနှင့်အတူ နာယကဦးထွဋ် ဖုန်း–၃၈၇၅၃၄၊ နာယကဦးဌေးအောင် ဖုန်း–၂၉၇၈၇၆၊ အတွင်းရေးမှူး ဦးထွေးမြင့် ဖုန်း–၅၈၀၆၁၈၊ ဒေါ်ခင်လေးမြင့် ဖုန်း–၃၇၄၉၆၅နှင့် ဦးကြိုင်အေး ဖုန်း–၇၂၀၁၇၂တို့သို့ ဆက်သွယ်စာရင်းပေးပို့နိုင်ပြီး အသင်းဝင်သူဖြစ်စေ၊ မဝင်ရသေးသူဖြစ်စေ ပေါက်ခေါင်း မြို့နယ်သူ၊ မြို့နယ်သားအားလုံး မိသားစုနှင့်အတူ စုံညီစွာ(မပျက်မကွက်)တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ (က–ပ)

လူမိုက်များက အချိန်ကိုဖြုန်း၏၊ ပညာရှိက အချိန်ကို သုံး၏

– ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သော ဘဝတို့၌ အကြောင်းအကျိုးမသိ၊ ပညာမရှိသော လူမိုက်တို့သည် မေ့မေ့လျော့လျော့ အချိန်ကို ဖြုန်းတတ်ကြခြင်းဖြင့် အနှစ်သာရ ဘာမျှမရကြချေ။

– ပညာရှိသော သူတို့သည်ကား မမေ့မလျော့သော သတိတရားကို မြတ်သော ဥစ္စာကဲ့သို့ စောင့်ရှောက်ခြင်းဖြင့် အချိန်ကို အသုံးပြုကြသောကြောင့် ဘဝ၏ အနှစ်သာရကို ကောင်းစွာရကြပေသည်။

(ဓမ္မပဒ ၂၆)

ဝိဇ္ဇာလမ်းစဉ် ဝိဇ္ဇာကျင့်စဉ်များဖြင့် ဝိဇ္ဇာမဂ္ဂဇင်း အမှတ်(၇) ဖြန့်ချိ

ရန်ကုန် မတ် ၁၀

ဆရာမောင်ပန်းမွေးနှင့် ဆရာမောင်သွေးချွန်တို့ စီစဉ်တည်းဖြတ်သော ဝိဇ္ဇာရသစုံမဂ္ဂဇင်း အမှတ်(၇) ဧပြီလထုတ် **(ယာပုံ)** ဖြန့်ချိထားသည်ကိုတွေ့ရသည်။ သမထဝိပဿနာဆိုင်ရာ ဝိဇ္ဇာစရဏဟုဆိုအပ်သော အသိနှင့်အကျင့်ကို မြှင့်တင်ပေးသော ဆောင်းပါးကောင်းများပါဝင်သည်။ ဣစ္ဆိတံမဟာမုနိရုပ်ပွားတော်နှင့် အဓိဋ္ဌာန်ကျင့်စဉ်၊ မဟာဗောဓိမြိုင်ဆရာတော်ကြီး၏ တောထွက်စစ်တမ်း၊ ရွှေပေါက်ကျွန်းဆရာတော်ကြီး၏ ဝိဇ္ဇာလမ်းပေါ်မှ ပွဲလေးပွဲ၊ ဆရာတော်ဦးဃောသိတ၏ ဝိပဿနာလုပ်ငန်းစဉ်၊ ပြည်ဝေပုလ္လာရာမ ဆရာတော်ကြီး၏ ပဋိပတ္တိနှင့်ကျန်းမာရေးဒဿနအမြင်၊ တည်ကြည်၏ ဝဋ္ဋသုတ်နှင့်ကိုယ်တွေ့ဆယ့်တစ်မီးငြိမ်း၊ မဟာဆေးဝက်ပါဆရာတော်၏ သိဒ္ဓိပေါက်ရွှေလမ်းစဉ်၊ ဋီကာလာ သိဒ္ဓိပေါက်ဂါထာစသည်ဖြင့် ဖတ်စရာ မှတ်စရာ သိစရာ ကျင့်စဉ်များစုံလင်သည်ကို တွေ့ရသည်။

ချမ်းသာပျော်ရွှင် အောင်မြင်သောဘဝ တည်ဆောက်ရန် ကုသိုလ်ကံမြှင့်ယတြာအစီအရင်များ၊ မြန်မာနှစ်သစ်ကူးမှာ ကုသိုလ်ပြုဖွယ်ရာများ၊ စီးပွားရေးအကျိုးပေးလမ်းညွှန်၊ တစ်နှစ်စာဟောစာတမ်းစသော လောကီရေးရာများလည်း ပါဝင်သည်ကိုတွေ့ရသည်။ သာဂဒိုး၊ ချစ်ဦးညို၊ ဟိန်းလတ်၊ လှမိုး(ပညာရေး)၊ မြေလတ်မြတ်သူ၊ စံဇာဏီဘို၊ မောင်ခိုင်ခန့်၊ ဒေါက်တာသင်းသင်း၊ ခင်စောတင့်၊ ကောင်းသော်၊ ရန်အောင်ဟိန်း၊ ဓမ္မာစရိယဦးအောင်ကျော်မိုးစသည်ဖြင့် ဝါရင့်ကလောင်စုံတို့၏ လက်ရာများကို စာမျက်နှာ ၃၀၀ ကျော်ဖြင့် တော်ဝင်မြို့မ စာအုပ်တိုက် ဖုန်း–၂၄၅၂၈၄ မှ ဖြန့်ချိထားကြောင်း သိရသည်။ (သတင်းစဉ်)

ခရီးသွားနှင့် ကုန်စည်ပို့ဆောင်မှုလုံခြုံရေး စစ်ဆေး

ရန်ကုန် မတ် ၁၀

ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစေရေး၊ကုန်စည်စီးဆင်းမှု လုံခြုံချောမွေ့စေရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဦးစီးမှူး ဦးအောင်သွင်နှင့် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ တိုင်းဦးစီးမှူး ဦးခင်မောင်သိန်းတို့ ဦးဆောင်၍ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာန၊ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေး (အဝေးပြေး)နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ (ယာဉ်ထိန်း)တို့ ပူးပေါင်းပါဝင်သောအဖွဲ့သည် မန္တလေး–ပြင်ဦးလွင်လမ်းပေါ်၊ ပုသိမ်ကြီးမြို့နယ်၊ အောင်ပင်လယ်မော်တော်ယာဉ်ထိန်းသိမ်းရေး (အဝေးပြေး) စစ်ဆေးရေးစခန်း၌ မတ် ၅ရက်တွင် ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ယာဉ်များကို ယာဉ်မောင်းများ သတ်မှတ်ချက်နှင့်ညီညွတ်မှု ရှိ၊ မရှိ စစ်ဆေးကြသည်။ ယင်းသို့ စစ်ဆေးရာတွင် ယာဉ်နောက်လိုက်များ သတ်မှတ်ချက်နှင့် ညီညွတ်မှုရှိ၊မရှိ၊ ကုန်ပစ္စည်းများ အန္တရာယ်ကင်းရှင်းအောင် တင်ဆောင်မှုရှိ၊မရှိ၊ ကုန်ပစ္စည်းများ ထုပ်ပိုးမှုလုံခြုံမှုရှိ၊မရှိ၊ ယာဉ်သက်တမ်းများကျော်လွန်ခြင်း ရှိ၊မရှိ၊ ပြေးဆွဲနေသည့် ယာဉ်များ အန္တရာယ်ကင်းစွာ ပြေးဆွဲမောင်းနှင်နိုင်မှု အခြေအနေရှိ၊မရှိ၊ လုပ်ငန်းလိုင်စင်များ ရှိ၊မရှိ၊ သတ်မှတ်ခရီးစဉ်ဖြင့် ပြေးဆွဲမှု ရှိ၊ မရှိတို့ကို စစ်ဆေးကြသည်။ **(အပေါ်ပုံ)** ထို့နောက် စည်းကမ်းနှင့် အညီ မောင်းနှင်ရေး၊ခရီးသည်များအား အန္တရာယ်ကင်းအောင်ပို့ဆောင်နိုင်ရေး၊ ကုန်ပစ္စည်းများအား လုံခြုံချောမွေ့စွာ သယ်ဆောင်နိုင်ရေးတို့အတွက် စစ်ဆေး ပညာပေး ဆောင်ရွက်ခဲ့ပြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဦးစီးမှူးရုံး (မန္တလေး)မှ အန္တရာယ်ကင်းရှင်းစွာ သွားလာမောင်းနှင်နိုင်ရေးအတွက် လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိသည်။(ကုန်းလမ်းပို့ဆောင်ရေး)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁–၃–၂၀၀၈ (အင်္ဂါနေ့)

AM & PM	
၇း၀၀–၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅–၁း၀၅	"သေနည်းလေးမျိုး"တရားတော် [ဆရာတော်အရှင်ဇဝန(မေတ္တာရှင်)]
၈း၀၀–၂း၀၀	ဟူးကောင်းချိုင့်ဝှမ်းမှ ဆင်သုတေသနလုပ်ငန်း
၈း၂၀–၂း၂၀	တေးဂီတအစီအစဉ်
၈း၂၅–၂း၂၅	Sunday Talk
၉း၃၀–၃း၃၀	ပြည်တွင်းသတင်းအကျဉ်း
၉း၄၀–၃း၄၀	တစ်ကျော့ပြန်တီဘီ(အပိုင်း–၁)(ဒေါက်တာဇေစိုး)
၉း၅၅–၃း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀–၄း၀၀	စိတ္တာနုပဿနာ(အပိုင်း–၂)(ဆရာကြီးဦးဌေးအောင်)
၁၀း၂၅–၄း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၃၀–၄း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅–၄း၃၅	အမြင့်ပျံငှက်တို့နားခိုရာ (စည်သူမောင်၊ထူး၊ဇွန်သစ်နိုင်)
၁၀း၄၅–၄း၄၅	မိုးလေဝသခန့်မှန်းချက်
၁၀း၅၀–၄း၅၀	မန်းချောင်းတံတား
၁၀း၅၅–၄း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀–၅း၀၀	Biz Net
၁၁း၁၅–၅း၁၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၅–၅း၂၅	စားချင်စဖွယ်နည်းအသွယ်သွယ် (ရှောက်သီးအလုံးယို)
၁၁း၃၅–၅း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၀–၅း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅–၅း၄၅	အနုပညာရပ်ဝန်းမှရင်ခုန်သံများ "ရောင်ပြန်ဓား"
၁၂း၁၅–၆း၁၅	Music Gallery တေးသံရှင်ရဲ့တေးလက်ဆောင် (ခင်မောင်တိုး)
၁၂း၃၅–၆း၃၅	နှင်းပွင့်လေးနဲ့တူသော အလှပိုင်ရှင်
၁း၀၀–၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champion League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၀၀	Inter Milan-Liverpool	ESPN(Live)

တူရကီနိုင်ငံအား တိုက်ခိုက်နေသည့် ကာ့ဒ်သူပုန်များအား အီရတ်သမ္မတက တားဆီးသွားမည်ဟုပြောကြား

အန်ကာရာ မတ် ၉

အီရတ်နိုင်ငံမြောက်ပိုင်း၌ အခြေစိုက်၍ တူရကီနိုင်ငံအား တိုက်ခိုက်နေသည့် ကာ့ဒ်သူပုန်များ၏ လုပ်ရပ်ကို အီရတ်နိုင်ငံအနေဖြင့် သည်းခံတော့မည်မဟုတ်ကြောင်း တူရကီသို့ အလည်အပတ်ရောက်နေသော အီရတ်သမ္မတ တာလာဘာနီက ပြောကြားသည်။

ပီကေကေ ကာ့ဒ်သူပုန်များ၏ လှုပ်ရှားမှုများကို ရပ်တန့်သွားစေရန် ဆောင်ရွက်သွားရမည်ဟု သူပုန်များ ခြေကုပ်ယူထားရာ ဒေသများရှိ အာဏာပိုင်များအား အီရတ်သမ္မတက ညွှန်ကြားထားပြီးဖြစ်သည်ဟု ဆိုသည်။

ဆွေးနွေးမည်

အီရတ်သမ္မတ တစ်ဦးအနေဖြင့် တူရကီနိုင်ငံသို့ သွားရောက်ခြင်းသည် ယခုအကြိမ်သည် ပထမဦးဆုံးအကြိမ် ဖြစ်သည်။ မကြာသေးမီကာလက တူရကီတပ်များသည် အီရတ်နယ်စပ်ကို ဖြတ်ကျော်၍ ပီကေကေကာ့ဒ်သူပုန်များကို အင်နှင့်အားနှင့်လိုက်လံတိုက်ခိုက်ခဲ့သည်။ ယခုခရီးစဉ်တွင် အီရတ်သမ္မတသည် အဆိုပါကိစ္စနှင့်ပတ်သက်၍ တူရကီသမ္မတ အဗ္ဗဒူလ်ဂါးလ်နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

အင်တာနက်။



အာဂျင်တီးနားနိုင်ငံ ဗျူနိုစ်အေရီမြို့တွင် ရထားနှင့်ကား တိုက်မိပြီးနောက် အပျက်အစီးများကို မတ် ၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် အစုလိုက်မြှုပ်နှံထားသော အလောင်းများတွေ့ရှိ

လန်ဒန် မတ် ၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ပိုင်း တစ်နေရာတွင် မြှုပ်နှံထားသည့် အလောင်း ၁၀၀ကို အီရတ်လုံခြုံရေးတပ်ဖွဲ့များက တွေ့ရှိခဲ့သည်။ ယင်းသို့ တွေ့ရှိမှုသည် အီရတ်နိုင်ငံအတွင်း လအတန်ကြာရှာဖွေမှုပြုလုပ်ပြီးနောက် တွေ့ရသော ဖြစ်စဉ်တစ်ခုဖြစ်သည်ဟု အမေရိကန်တပ်ဖွဲ့က ပြောကြားသည်။

ဘဂ္ဂဒက်မြို့မြောက်ပိုင်း ကီလိုမီတာ ၈၀ အကွာ ခါလစ်ဒေသအနီး တွေ့ရသော အလောင်းများသည် မည်သူ၏ လက်ချက်ဖြစ်သည်ကို ရှင်းလင်းစွာ မသိရှိကြောင်း၊ သေဆုံးသူများသည် သတ်ဖြတ်ခံရသူများ ဖြစ်ကြောင်း အမေရိကန်နှင့် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များကပြောကြားသည်။

အင်တာနက်။

တရုတ်နိုင်ငံရှိ အဲဘတ်စ်လေယာဉ်ထုတ်လုပ်ရေးအလုပ်ရုံလုပ်ငန်းခွင်အား သရုပ်ဖော်ရေးဆွဲထားသော ပန်းချီပုံကို မတ် ၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဂျင်တီးနားတွင် ရထားနှင့် ကားတိုက်မိ၊ ၁၇ဦး သေဆုံး

ဗျူနိုစ်အေရိစ် မတ် ၁၀

အာဂျင်တီးနားနိုင်ငံ ရထားနှင့် ကားလမ်းဆုံရာ တစ်နေရာ၌ မတ် ၉ရက်က ရထားနှင့်ကားတိုက်မိရာ ၁၇ဦး သေဆုံးပြီး ၄၅ဦး ဒဏ်ရာရရှိသွားကြောင်း ဒေသခံမီဒီယာသတင်းများက ဖော်ပြသည်။

ရထားလမ်းဆုံရှိ မဝင်ရ အဟန့်အတားချနေသည့်ကြားမှ ဘတ်စ်ကား မောင်းသူက အတင်းဖြတ်ဝင်ခြင်းဖြစ်သည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားကြောင်း ဒေသခံသတင်းစာက ဖော်ပြသည်။

သို့သော် ဘတ်စ်ကားကုမ္ပဏီကမူ မည်သည့်အကြောင်းကြောင့် မတော်တဆမှုဖြစ်ပွားရသည်ကို သဲကွဲစွာ မသိရသေးဟုဆိုသည်။

ရထားလမ်းနှင့် ကားလမ်းဆုံရာ နေရာ၌ မဝင်ရ အတားအဆီးကို ဘတ်စ်ကားကအမြန်ဖြတ်ကျော်မောင်းနှင်သည့်အတွက် ရထားနှင့် တိုက်မိပြီး ဘတ်စ်ကားနှစ်ပိုင်းပြတ်သွားခြင်းဖြစ်ဖွယ်ရှိသည်ဟု ဒေသခံ အုပ်ချုပ်ရေးအရာရှိ ဒင်နီရယ်စီအိုလီက ပြောကြားသည်။

ဒဏ်ရာရရှိလာသူအချို့၏ အခြေအနေမှာ စိုးရိမ်ရကြောင်း ဒိုလိုနီမြို့မှ ကျန်းမာရေး အရာရှိ ရောဘတ်တိုကပဲလ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

တရုတ်နိုင်ငံရှိ အဲဘတ်စ်လေယာဉ် ထုတ်လုပ်ရေးအလုပ်ရုံ ဩဂုတ်လတွင် ပထမဆုံးလေယာဉ် ထုတ်လုပ်နိုင်မည်

ပေကျင်း မတ် ၉

တရုတ်နိုင်ငံ တီယန်ကျင်းမြို့တွင်ရှိသော အဲဘတ်စ်လေယာဉ်ထုတ်လုပ်ရေးအလုပ်ရုံမှ ဩဂုတ်တွင် ပထမဆုံး လေယာဉ်ကို တပ်ဆင်ထုတ်လုပ်ပြီး ၂၀၀၉ ခုနှစ် ပထမနှစ်ဝက်တွင် ရောင်းချနိုင်မည်ဖြစ်ကြောင်း ယင်းကုမ္ပဏီက မတ် ၆ ရက်တွင် ထုတ်ပြန်ကြေညာသည်။

အဆိုပါ လေယာဉ်ထုတ်လုပ်ရေးအလုပ်ရုံကို တီယန်ကျင်း အခွန်ကင်းလွတ်ရေးဇုန်အဖွဲ့၊ တရုတ်လေကြောင်းလုပ်ငန်းကော်ပိုရေးရှင်း-၁ (အေဗွီအိုင်စီ-၁)၊ တရုတ်လေကြောင်းလုပ်ငန်းကော်ပိုရေးရှင်း-၂ (အေဗွီအိုင်စီ-၂) နှင့် အဲဘတ်စ်တို့ ပူးပေါင်းလုပ်ကိုင်ကြခြင်းဖြစ်သည်။ အဆိုပါ အလုပ်ရုံမှ ၂၀၁၁ ခုနှစ်မတိုင်မီကာလအထိ လစဉ်လေယာဉ်လေးစင်း ထုတ်လုပ်နိုင်မည် ဖြစ်သည်။ တရုတ်နှင့်အဲဘတ်စ်ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်သည့်လုပ်ငန်းကို မကြာမီနှစ်များအတွင်း တိုးချဲ့ခဲ့ခြင်းဖြစ်သည်။ ၂၀၀၇ ခု နှစ်ကုန်တွင် ရရှိသော ကုန်အမှာစာသည် အမေရိကန်ဒေါ်လာ သန်း ၇၀ အထိရှိခဲ့ကြောင်း တရုတ်နိုင်ငံရှိ အဲဘတ်စ်ကုမ္ပဏီ ဥက္ကဋ္ဌ လောရင့်စ်ဘာရွန်က ပြောကြားသည်။

တရုတ်နိုင်ငံ လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီခြောက်ခုနှင့် အဲဘတ်စ်ကုမ္ပဏီတို့သည် ထိုလုပ်ငန်းကို ပူးပေါင်းလုပ်ဆောင်လျက်ရှိသည်။ ယင်းလုပ်ငန်းမှ ၂၀၁၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာသန်း ၂၀၀ နှင့် ၂၀၁၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာသန်း ၄၅၀ ရရှိနိုင်ဖွယ်ရာရှိသည်ဟု ဥက္ကဋ္ဌ ဘာရွန်က ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ခေတ်မီမြေအောက် ခဲယမ်း သိုလှောင်ရေးစခန်း စင်ကာပူ၌ ဖွင့်လှစ်

စင်ကာပူ မတ် ၉

စင်ကာပူနိုင်ငံတွင် ပထမဆုံး ခေတ်မီမြေအောက်ခဲယမ်း မီးကျောက်သိုလှောင်ရေးစခန်းကို မတ် ၇ ရက်က ဖွင့်လှစ်လိုက်သည်။

ထိုစခန်းသည် ကမ္ဘာပေါ်တွင် ခေတ်အမီဆုံး အကြီးစားမြေအောက်သိုလှောင်ရေးစခန်း ဖြစ်သည်ဟု ဆိုသည်။ ယင်းစခန်းသည် မန်ဒါအိကျောက်မိုင်းဟောင်းနေရာတွင် တည်ရှိသည်။ လူနေထူထပ်သော နယ်မြေတွင် မြေယာကို အကျိုးရှိစွာ အသုံးချသည့် အနေဖြင့် ခဲယမ်းသိုလှောင်ရုံများကို မြေအောက်၌ ထားရှိနိုင်အောင် ဒီဇိုင်းဆွဲစီစဉ်ခြင်းဖြစ်ကြောင်း စင်ကာပူ ကာကွယ်ရေးဝန်ကြီး တီအိုချီဟိန်းက ပြောကြားသည်။

မြေအောက် စခန်းမှာဘောလုံးကွင်း ၄၀၀ စာမျှ ကျယ်ဝန်းရာ မြေနေရာ ရှားပါးသော စင်ကာပူနိုင်ငံအတွက် မြေနေရာ သက်သာအောင် စီမံနိုင်ခဲ့သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဆွီဒင်နှင့် အီရန် ဆက်ဆံရေး တင်းမာ သံတမန်များအား အပြန်အလှန် နှင်ထုတ်

စတော့ဟုမ်း မတ် ၉

ဆွီဒင်နိုင်ငံက အီရန်သံတမန်ကို နှင်ထုတ်ခဲ့သည်ကို အကြောင်းပြု၍ အီရန်နိုင်ငံကလည်း ဆွီဒင်နိုင်ငံမှ သံတမန်ကို ပြန်လည်နှင်ထုတ်ခဲ့သည်ဟု ဆွီဒင်နိုင်ငံခြားရေးဝန်ကြီးဌာနက ကြာသပတေးနေ့တွင် ပြောကြားသည်။

နှင်ထုတ်ခံရသော ဆွီဒင်သံတမန်သည် အီရန်နိုင်ငံသို့ ၂၀၀၇ ခုနှစ် စက်တင်ဘာလက ရောက်ရှိခဲ့ခြင်း ဖြစ်သည်။ ၎င်းအား အီရန်နိုင်ငံက ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလတွင် နိုင်ငံမှ ထွက်ခွာသွားရန် နှင်ထုတ်ခဲ့ခြင်းဖြစ်သည်ဟု ဆွီဒင်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဂူဖရန် အယ်လ်နာဒရပ်စ်က ဒေသဆိုင်ရာ သတင်းဌာနသို့ ပြောကြားသည်။

သူလျှိုဟုစွပ်စွဲ

ယခုနှစ်အစောပိုင်းက အီရန်သံတမန်အား ဆွီဒင်နိုင်ငံက နှင်ထုတ်ခဲ့ပြီး ဖြစ်သည်။ သူလျှိုလုပ်သည်ဟူသော စွပ်စွဲချက်ကို အကြောင်းပြု၍ အငြင်းပွားရာမှ နှစ်နိုင်ငံ ဆက်ဆံရေးတင်းမာလာကာ သက်ဆိုင်ရာ သံတမန်များအား အပြန်အလှန် နှင်ထုတ်ကြခြင်းဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဘူလ်ဂေးရီးယား၌ရထားပေါ်တွင် ဆေးလိပ်လုံးဝမသောက်ရန် တားမြစ်

ဆိုဖီယာ မတ် ၉

ဘူလ်ဂေးရီးယားနိုင်ငံရှိ ရထားများပေါ်တွင် ဆေးလိပ်လုံးဝသောက်သုံးမှု မပြုရေး တားမြစ်ချက်အပါအဝင် လုံခြုံရေးအစီအစဉ်များကို ထပ်မံတင်းကြပ်စွာ ဆောင်ရွက် ရန် ဘူလ်ဂေးရီးယားရထားလုပ်ငန်းဝန်ကြီး ပီတာမူတက်ဖ်ချိမ်က မတ် ၇ ရက် တွင် အမိန့်ထုတ်ပြန်လိုက်သည်။

ထိုထုတ်ပြန်ချက်တွင် ရထားစီးခရီးသည်များ၏ ဝန်စည်စလွယ်များ အမျိုးအစားနှင့် အလေးချိန် ကန့်သတ်ထားချက်များ အပါအဝင် မီးလောင်မှုသို့မဟုတ် အခြားမတော်တဆမှုများ ကြုံတွေ့လျှင် ခရီးသည်များက မည်သို့ တုံ့ပြန်လုပ်ဆောင်ရမည်ကို သတိပေးခြင်းနှင့် ရထားပို့ဆောင်ရေးဝန်ထမ်းများအကြား ဆက်သွယ်ရေးစနစ်များ ထားရှိလုပ်ဆောင်ရေးစသည်တို့ ပါဝင်သည်။ လူစီးရထားတွဲများတွင် မီးအလျင်အမြန် ငြိမ်းသတ်ရေး၊ အရေးပေါ် ဘရိတ်အသုံးပြုရေးနှင့် ရထားတွဲတံခါးများ ဖွင့်ပိတ်နည်းစနစ်များစသည့် ဘေးအန္တရာယ်လွတ်မြောက်ရေး စည်းကမ်းချက်များကို ထားရှိ၊ အသိပေးကာ အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဟု ထုတ်ပြန်ထားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

မလေးရှားဝန်ကြီးချုပ်ဘာဒါဝီ သက်တမ်းသစ်အတွက် ကျမ်းသစ္စာကျိန်ဆို

ကွာလာလမ်ပူ မတ် ၁၀

မလေးရှားနိုင်ငံ ဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်ဘာဒါဝီ၏ နောက်သက်တမ်းသစ် ငါးနှစ်အတွက် ကျမ်းသစ္စာကျိန်ဆိုပွဲကို မတ် ၁၀ ရက်တွင် အမျိုးသားနန်းတော်၌ပြုလုပ်ခဲ့သည်။ မလေးရှားနိုင်ငံ တရားလွှတ်တော် တရားသူကြီးချုပ် မာဇန်ဇနီးလ်အာဘီဒင်၏ ရှေ့မှောက်တွင် ဝန်ကြီးချုပ်ဘာဒါဝီ ကျမ်းသစ္စာကျိန်ဆိုနေသည်ကို ဒေသခံရုပ်သံသတင်း၌ ထုတ်လွှင့်ပြသသွားသည်။

ထက်ဝက်ကျော်အနိုင်ရ

ယင်းအခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ် နာဂျစ်ရာဇတ်နှင့် အခြားအထက်တန်းဝန်ကြီးများလည်း တက်ရောက်ကြသည်။ မလေးရှားနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲကို မတ် ၈ရက်ကပြုလုပ်ရာ အာဏာရ အမျိုးသားတပ်ဦးပါတီ သို့မဟုတ် ဘာရီဆန်နေဆီယွန်နယ် (ဘီအင်) ပါတီသည် လွှတ်တော် အမတ်နေရာ ၁၄၀ တွင် အနိုင်ရရှိလိုက်သည်။

အနိုင်ရရှိ

လွှတ်တော်တွင် အမတ်နေရာပေါင်း ၂၂၂ နေရာရှိသည့်အနက် ဘီအင်ပါတီသည် ထက်ဝက်ကျော်နေရာများ၌ အနိုင်ရရှိသွားခြင်း ဖြစ်သည်။

မလေးရှားနိုင်ငံသည် ဗြိတိသျှလက်အောက်မှ ၁၉၅၇ ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့သည်။ ထိုအချိန်မှစ၍ ဘီအင်ပါတီသည် မလေးရှားနိုင်ငံ၏ နိုင်ငံရေးလောကတွင် ဆက်တိုက်ကြီးစိုးထားသည်မှ ယနေ့တိုင်အောင်ပင်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

မလေးရှားနိုင်ငံ ဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်ဘာဒါဝီနှင့် ဒုတိယဝန်ကြီးချုပ်နာဂျစ်ရာဇတ် (ဝဲ)တို့ကို ကွာလာလမ်ပူမြို့၌ မတ် ၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နိုင်ငံတကာရေးရာ သတင်းများ

အီရန် နျူကလီးယားဗုံးထုတ်လုပ်မှု ရပ်ဆိုင်းစေရန် အစ္စရေးကတစ်ဖက်သတ် လုပ်ဆောင်မည်မဟုတ်ဟု ပြောကြား

ပါရီ မတ် ၁၀

အီရန်နိုင်ငံက နျူကလီးယားဗုံးထုတ်လုပ်မှု ရပ်ဆိုင်းစေရန်အတွက် အစ္စရေးအနေဖြင့် တစ်ဖက်သတ် ဆောင်ရွက်မည်မဟုတ်ကြောင်း သမ္မတ ရှီမွန်ပီရက်စ်က ပြောကြားသည်။

စီးပွားရေး အရေးယူပိတ်ဆို့မှုက အီရန် နျူကလီးယားအစီအစဉ် ဖော်ဆောင်နေမှု ရပ်ဆိုင်းစေရန် စည်းရုံးသိမ်းသွင်းနိုင်ခြင်းမရှိပါက စစ်ရေးမဟုတ်သည့် ရွေးချယ်မှုများကို အသုံးပြုရမည်ဟု ရှီမွန်ပီရက်စ်က ပြင်သစ်မှ လာဖီဂရိုသတင်းစာနှင့် တွေ့ဆုံမေးမြန်းရာတွင် ပြောကြားသည်။

အီရန် နျူကလီးယားဗုံးထုတ်လုပ်ရန် တိတ်တဆိတ်ကြိုးပမ်းမှု၏ အစိတ်အပိုင်း တစ်ရပ်အနေဖြင့် ယူရေနီယံသန့်စင်မှုပြုလုပ်သည်ဟု အမေရိကန်နှင့်အခြားအင်အားကြီးနိုင်ငံများက အီရန်အပေါ် သင်္ကာမကင်းဖြစ်လျက်ရှိသည်။

အီရန်က နျူကလီးယား လျှပ်စစ်ဓာတ်အား ထုတ်ယူရေးအတွက်သာ အသုံးပြုသည်ဟု ပြောကြားသည်။ စစ်မက်ဖြစ်ပွားမှုအပေါ် အားကိုးအားထားမပြုဘဲ နျူကလီးယားဗုံးထုတ်လုပ်ရေး ရပ်ဆိုင်းရေးကို မိမိပိုမိုနှစ်သက်လိုလားသည်ဟု အစ္စရေးသမ္မတက ပြောကြားသည်။ အီရန်ကို မိမိတို့အနေဖြင့် မည်သည့်အခြေအနေရောက်ရှိစေကာမူ မဆင်မခြင်ပြုမည် မဟုတ်ဟု ဖော်ပြပါ သတင်းစာ၏ မေးမြန်းမှုကို ပီရက်စ်က တုံ့ပြန်ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

သမုဒ္ဒရာအတွင်း မျောပါသွားသော ရေခဲပြင်ပေါ်မှ ငါးမျှားသူ ၇၀၀ ကျော်ကို ရဟတ်ယာဉ်များဖြင့် ကယ်တင်ရ

မော်စကို မတ် ၁၀

ရေခဲပြင်မှပဲ့ထွက်ကာ ပစိဖိတ်သမုဒ္ဒရာအတွင်း မျောနေသော ရေခဲပြင်ကြီးပေါ်မှ ငါးဖမ်းသမား ၇၇၅ ဦးတို့ကို ရုရှားရဟတ်ယာဉ်များက မတ် ၉ ရက်က ကယ်တင်ခဲ့သည်။

ရုရှားနိုင်ငံ အရှေ့ဖျားအရပ် ဆာခါလင်ဒေသရှိ ရေခဲပြင်ပေါ်တွင် လူအများငါးမျှားနေကြစဉ် ရေခဲများအရည်ပျော်ပြီး ကြီးမားသောရေခဲချပ်ကြီးသည် ပစိဖိတ်သမုဒ္ဒရာအတွင်း မျောပါသွားခြင်းဖြစ်ကြောင်း အရေးပေါ်ကယ်ဆယ်ရေးဌာန၏ ပြောကြားချက်ကို ကိုးကား၍သတင်းဌာနကဖော်ပြသည်။

ရေခဲပြင်၌ ငါးဖမ်းသောလုပ်ငန်းသည် ရုရှားနိုင်ငံတွင် လူကြိုက်များသောလုပ်ငန်းတစ်ခုဖြစ်သည်။ အမျိုးသားအများအပြားသည် ငါးမျှားတံ၊ ကုလားထိုင်နှင့် ရေခဲပြင်ကို ဖောက်ထွင်းသည့်ကိရိယာကိုယူပြီး ရေခဲပြင်၌ ငါးဖမ်းလေ့ရှိကြသည်။

နွေဦးရာသီတွင် ရေခဲချပ်များ အရည်ပျော်တတ်သည့်အတွက် ရေခဲပြင်ငါးမျှားသူ အများအပြားသည် အရည်ပျော်ကာမျောပါသွားသော ရေခဲချပ်များအပေါ်တွင် မကြာခဏ ပိတ်မိနေသည့်အဖြစ်မျိုးနှင့် ကြုံကြရသည်။

အမ်အင်အေ၊ရိုက်တာ။

လက်ဘနွန်နှင့် ပတ်သက်သည့်ဆုံးဖြတ်ချက်ကို အီဂျစ်က ကျေနပ်ဟုဆို

ကိုင်ရို မတ် ၁၀

လက်ဘနွန်နိုင်ငံနှင့် ပတ်သက်သည့် အာရပ်အဖွဲ့ချုပ်(အေအယ်လ်)၏ ဆုံးဖြတ်ချက်အပေါ် အီဂျစ်အစိုးရက ကျေနပ်မှုရှိကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီး အာမက်အဘူဂိတ်က စနေနေ့တွင် ထုတ်ဖော်ပြောကြားလိုက်သည်။

အဘူဂိတ်က လက်ဘနွန်ဝန်ကြီးချုပ် ဖူယက်စီနီယိုရာ၏ အကြံပေးအရာရှိနှင့် တွေ့ဆုံဆွေးနွေးအပြီး ဖော်ပြပါအတိုင်း ပြောကြားခြင်းဖြစ်သည်ဟု အီဂျစ် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ဟူစိန်ဇာနီက သတင်းထောက်များအား ပြောကြားသည်။

အေအယ်လ်၏ နောက်ဆုံး ဆုံးဖြတ်ချက်ကို ဗုဒ္ဓဟူးနေ့က ကျင်းပသည့် အေအယ်လ်နိုင်ငံခြားရေးဝန်ကြီးအဆင့် ဆွေးနွေးပွဲတွင် ချမှတ်ခဲ့ခြင်းဖြစ်သည်။ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်မည့် ပါလီမန်အစည်းအဝေးရက် ရွှေ့ဆိုင်းပြီးသည့်နောက် လက်ဘနွန်သမ္မတ ရွေးချယ်တင်မြှောက်မည့် ရက်ကို သတ်မှတ်ထားသည့် မတ် ၁၁ ရက်တွင် ပြုလုပ်ရန်လိုအပ်သည်ဟု ဆုံးဖြတ်ချက်တွင် အလေးထားဖော်ပြထားသည်။

ထို့ပြင် လက်ဘနွန်-ဆီးရီးယားနှစ်နိုင်ငံ၏ ဆက်ဆံရေးလမ်းမှန်ပြန်ရောက်ရန်လည်း လိုအပ်မည်ဟု ယင်းဆုံးဖြတ်ချက်တွင် ပါရှိသည်။

အခြေအနေ အားလုံးကောင်းမွန်ပါက ဆီးရီးယားနိုင်ငံသို့ အလည်အပတ်သွားရောက်ပြီး မတ် ၂၉၊ ၃၀ ရက်တွင် ကျင်းပမည့် အာရပ်ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်မည်ဟု လက်ဘနွန်ဝန်ကြီးချုပ် စီနီယိုရာက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အစိုးရတပ်ဖွဲ့နှင့် ကျားသူပုန်များ တိုက်ခိုက် ၁၂ ဦး သေဆုံး

ကိုလံဘို မတ် ၁၀

သီရိလင်္ကာစစ်တပ်နှင့် တမီလ်များသူပုန်များ နိုင်ငံ၏ မြောက်ပိုင်းတွင် ပြင်းထန်သည့် တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ကျားသူပုန် ၁၀ဦးနှင့် စစ်ဘက်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ကြောင်း သီရိလင်္ကာစစ်ဘက်က ပြောကြားသည်။

အမြောက်များနှင့် သံချပ်ကာတင့်ကားအကူအညီဖြင့် သီရိလင်္ကာတပ်ဖွဲ့ဝင်များက တမီလ်ကျား လွတ်မြောက်ရေးတပ်ဖွဲ့ (အယ်လ်တီတီအီး)၏ ကတုတ်ကျင်းများကို ဖျက်ဆီးပြီး သူပုန်များ၏ ကတုတ်ကျင်းလေးခုကို မန်နာခရိုင်ရှိ မန်ထိုင်ဒေသတွင် သိမ်းပိုက်ခဲ့သည်။

သီရိလင်္ကာ လေတပ်ကလည်း ရဟတ်ယာဉ်များကို အသုံးပြု၍ တိုက်ခိုက်ခဲ့ကြသည်။

ယင်းတိုက်ခိုက်မှုကြောင့် သူပုန်အမာခံများသေဆုံးခဲ့ပြီး အများအပြား ဒဏ်ရာရရှိခဲ့သည်။

သီရိလင်္ကာစစ်တပ်မှ တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး လေးဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်၌ လမ်းဘေးဗုံးပေါက်ကွဲ၊ နေတိုးစစ်သားတစ်ဦးသေ

ကဘူးလ် မတ် ၁၀

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ပက်တီရာပြည်နယ်တွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် နေတိုး ဦးဆောင်သော နိုင်ငံတကာလုံခြုံရေးနှင့် အကူအညီပေးရေးအဖွဲ့ (အိုင်အက်စ်အေအက်ဖ်)မှ စစ်သားတစ်ဦး သေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိကြောင်း အိုင်အက်စ်အေအက်ဖ်မှ ကြေညာသည်။

ပက်တီရာပြည်နယ် ဝါဇာဝါခရိုင်တွင် အိုင်အက်စ်အေအက်ဖ်တပ်ဖွဲ့သည် ပုံမှန်ကင်းလှည့်နေစဉ် လမ်းဘေးဗုံးခွဲတိုက်ခိုက်ခြင်းခံရခြင်း ဖြစ်ကြောင်း ထိုကြေညာချက်တွင် ဖော်ပြထားသည်။

စစ်သားနှစ်ဦး ဒဏ်ရာရရှိရာ တစ်ဦးမှာ ရရှိသောဒဏ်ရာနှင့်ပင် သေဆုံးသွားသည်ဟု ထပ်မံဖော်ပြသည်။

အကြမ်းဖက် တိုက်ခိုက်ခြင်းများကြောင့် ၂၀၀၇ ခုနှစ်တွင် သေဆုံးသူဦးရေ ၆၀၀၀ ကျော်ရှိသည်။ တာလီဘန်စစ်သွေးကြွများက ယခုနှစ်တွင် ပိုမိုပြင်းထန်စွာ တိုက်ပွဲဝင်သွားမည်ဟု ပြောသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဟွန်ဒူရပ်စ်၌ တောမီးလောင် ခုနစ်ဦးသေ

တေဂူစီဂယ်လ်ပါ မတ် ၁၀

ဟွန်ဒူရပ်နိုင်ငံ မြို့တော် အစွန်အဖျားတွင် တောမီးပြင်းထန်စွာလောင်ကျွမ်းရာ တနင်္ဂနွေနေ့က စစ်သားလေးဦးနှင့် သစ်တောဝန်ထမ်းသုံးဦး သေဆုံးကြောင်း စစ်တပ်ကပြောသည်။ ၎င်းသေဆုံးသူ ခုနစ်ဦးသည် တေဂူစီဂယ်လ်ပါမြို့နှင့် နီးကပ်သော တောင်တန်းဒေသတစ်လျှောက် လောင်ကျွမ်းနေသောမီးကို သောကြာနေ့ကတည်းက နိုင်အောင် ငြိမ်းသတ်နေကြသည့် မီးသတ်သမား၂၀၀မှဖြစ်သည်။ ၎င်းတို့သည် မီးငြိမ်းသတ်နေစဉ် ရုတ်တရက်လေကြောင်းပြောင်းသွားပြီး မီးဝိုင်းခံလိုက်ရခြင်းဖြစ်သည်ဟု ဗိုလ်ချုပ်ကြီး အော်လန်ဒိုဗတ်စ်ကွက်စ်က ပြည်တွင်းရေဒီယိုသို့ပြောကြားသည်။

ဟွန်ဒူရပ်စ်နိုင်ငံတွင် နွေဦးရာသီသို့ စတင်ရောက်ရှိပြီဖြစ်သည်။ ဤရာသီတွင် တောမီး အမြဲလောင်နေကျဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဂရိအလယ်ပိုင်း၌ ရထားလမ်းချော်

အေသင် မတ် ၁၀

ဂရိနိုင်ငံအလယ်ပိုင်း လာရီဆာမြို့ပြင်တွင် မတ် ၈ရက်က ရထားတစ်စင်း လမ်းချော်ရာ ခရီးသည် ဒါဇင်ပေါင်းများစွာ ဒဏ်ရာရရှိခဲ့ကြောင်း ဂရိ အာဏာပိုင်များက ပြောကြားသည်။

လမ်းချော်ခဲ့

အေသင်မြို့မှ သည်ဆာလိုနီကီ (ဂရိနိုင်ငံမြောက်ပိုင်း) သို့ ခုတ်မောင်းနေသည့် ခရီးသည်တင်ရထားသည် လာရီဆာဘူတာရုံမှ နှစ်ကီလိုမီတာခန့်အကွာတွင် လမ်းချော်ခဲ့သည်။

အခင်းဖြစ်ပွားရာတွင် ဒဏ်ရာရရှိသူ ၂၈ ဦးစလုံးကို ဆေးရုံသို့တင်ခဲ့ကြောင်း ရဲတပ်ဖွဲ့မှ တာဝန်ရှိသူက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ဒဏ်ရာရရှိသူများအနက် အများစုမှာ ဆေးရုံမှ ပြန်လည်ဆင်းကြပြီဖြစ်ကြောင်း ငါးဦးသည် ထပ်မံစစ်ဆေးရန်အတွက် ဆေးရုံ၌ တစ်ညတာဆက်လက်တက်ရောက်ရမည်ဖြစ်သည်။

ဒဏ်ရာရရှိသူများတွင် အသက်အန္တရာယ်စိုးရိမ်ရသူ တစ်ဦးတစ်ယောက်မျှမရှိဟု ဆိုသည်။

လိုက်လံရှာဖွေ

ရထားသံလမ်း လမ်းလွှဲနေရာတွင် တာဝန်ရှိသူက လမ်းလွှဲရန် ပျက်ကွက်ခဲ့သည့်အတွက် ယခုကဲ့သို့ ရထားလမ်းချော်ရခြင်းဖြစ်သည်ဟု ဆိုသည်။ တာဝန်ရှိသူ ၎င်းဝန်ထမ်းမှာလည်း ထွက်ပြေးသွားသဖြင့် သက်ဆိုင်ရာက လိုက်လံရှာဖွေလျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

အာဖဂန်နစ္စတန်တွင် စစ်သွေးကြွများက မိုဘိုင်းလ်ဆက်သွယ်ရေးတာဝါတိုင်များကို တိုက်ခိုက်ဖျက်ဆီး

ကဘူးလ် မတ် ၁၀

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းရှိ ဇဘူးလ်ပြည်နယ်တွင် မိုဘိုင်းလ်ဆက်သွယ်ရေးတာဝါတိုင်တစ်ခုကို တာလီဘန်စစ်သွေးကြွများက တိုက်ခိုက်ခဲ့သဖြင့် တာဝါတိုင် အနီးရှိ အစောင့်တပ်ဖွဲ့ဝင်များ၏ အခန်းတစ်ခန်းပျက်စီးခဲ့ကြောင်း ရဲတပ်ဖွဲ့က ကြာသပတေးနေ့တွင် ပြောကြားသည်။

လက်နက်များကိုင်ဆောင်သည့် တာလီဘန်သောင်းကျန်းသူများက ဇဘူးလ်ပြည်နယ် ရှာရီဆာဖာခရိုင်ရှိ မိုဘိုင်းလ်ဖုန်းကုမ္ပဏီမှ အစောင့်တပ်ဖွဲ့ဝင်များ၏ အခန်းနှင့် တာဝါတိုင်တို့ကို ဗုဒ္ဓဟူးနေ့ညကတိုက်ခိုက်ခဲ့ရာ အခန်းနှင့် လျှပ်စစ်ဓာတ်အားပေးစက်တို့ ပျက်စီးခဲ့သည်။ သို့ရာတွင် အသံလွှင့်နန်းကြိုးပျက်စီးမှု မရှိခဲ့ဟု ပြည်နယ်ရဲတပ်ဖွဲ့ အကြီးအကဲ မိုဟာမက်ယာကွတ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အစိုးရဆန့်ကျင်ရေး သောင်းကျန်းသူများက အာဖဂန်တောင်ပိုင်းရှိ မိုဘိုင်းလ်ဖုန်း တာဝါတိုင်များကို လွန်ခဲ့သည့်ရက်သတ္တပတ် နှစ်ပတ်အတွင်း တိုက်ခိုက်ခဲ့ရာ ဖော်ပြပါတိုက်ခိုက်မှုသည် တတိယအကြိမ်ဖြစ်သည်။

တာလီဘန်စစ်သွေးကြွများက မိုဘိုင်းလ်ဖုန်းကုမ္ပဏီများသို့ ဖေဖော်ဝါရီ ၂၅ ရက်က သတိပေးချက်များထုတ်ပြန်ထားသည်။ ယင်းကုမ္ပဏီများက တာလီဘန်ထိန်းချုပ်ရာနယ်မြေများတွင် ညနေ ၅ နာရီမှ ည ၇ နာရီအတွင်း လုပ်ငန်းရပ်ဆိုင်းရန်ဖြစ်သည်။ မိုဘိုင်းလ်ဖုန်း ဆက်သွယ်မှုများကို အာဖဂန်နှင့်ပြည်ပတပ်ဖွဲ့ဝင်များက ကြားဖြတ်ဖမ်းယူကာ စစ်သွေးကြွများရှိရာသို့ လာရောက်နိုင်သည့်အတွက်ကြောင့်ဖြစ်သည်ဟု သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဆွစ်ဇာလန်နိုင်ငံ ဖလပ်ဆီးရေအိုင်အတွင်း ငန်းရိုင်းများကို မတ် ၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဒို့အနာဂတ် ဒို့ဖန်တီးဖို့ အခြေခံဥပဒေ အတည်ပြုစို့ (၂)

ခိုင်မျိုးညီလာအောင်

လွတ်လပ်ရေး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုမှာ အချုပ်အခြာအာဏာ ပိုင်စိုးရေးပင် ဖြစ်သည်။ အချုပ်အခြာအာဏာဟူသည် အတိုင်းအဆမရှိ ကျယ်ပြန့်မြင့်မားသော နိုင်ငံသားပြည်သူတို့ ပိုင်ဆိုင်အပ်သည့် အာဏာ ရပ်ကြီး (ဝါ) နိုင်ငံသားအားလုံး၏ ကောင်းကျိုးကို ဖန်တီးနိုင်စွမ်းသော တန်ခိုးအာဏာပင်ဖြစ်သည်။ ယင်းအချုပ်အခြာအာဏာသည် နိုင်ငံရပ်ခြားမှ နယ်ချဲ့သမားတို့ လက်သို့ ရောက်သွားလျှင် ယင်းမူလနိုင်ငံသားများ ကျွန်ဖြစ်မည်သာ ဖြစ်သည်။ မူလ နိုင်ငံသားတို့ ပိုင်ဆိုင်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့ အကျုံးဝင်သည့် အချုပ်အခြာအာဏာကို နယ်ချဲ့သမားက ကိုင်တွယ်ကာ မူလနိုင်ငံကို ဖိနှိပ်ချုပ်ချယ် ကန့်သတ်သော ဥပဒေများသာ သူတို့ပြဋ္ဌာန်းမည်။ သူတို့ စိတ်ကြိုက်ခြယ်လှယ် သွေးစုပ်ပြီး မူလ ပြည်သူများကို ဆင်းရဲတွင်းနက်စေမည့် အုပ်ချုပ်ရေး (ဗျူရိုကရေစီ ယန္တရား)ကိုသာ ကျင့်သုံးမည်။ မူလနိုင်ငံသားတို့ မတော်လှန်နိုင်အောင် ဟန့်တားသည့် တရားစီရင်မှုများဖြင့် ၎င်းတို့၏ နယ်ချဲ့အုပ်ချုပ်ရေး ယန္တရား သက်တမ်းရှည်စေမည် ဖြစ်သည်။

မြန်မာတို့သည် ဗြိတိသျှနယ်ချဲ့သမားတို့လက်အောက် ကျွန်သပေါက်အဖြစ် နှစ်ပေါင်းတစ်ရာကျော် ကျရောက်ခဲ့သည်။ ယင်း ကျွန်သက် နှစ်တစ်ရာကျော်သည် မြန်မာတို့၏ သူ့ကျွန်မခံ တွန်းလှန်ရင်း လွတ်လပ်ရေးကို ပြန်လည်တိုက်ယူသော နယ်ချဲ့ဆန့်ကျင်မှုသက် နှစ်တစ်ရာကျော်ပင် ဖြစ်သည်။ တစ်နည်းအားဖြင့် မြန်မာတို့ သွေးချွေးရင်းပြီး ကိုယ့်အချုပ်အခြာအာဏာ ကိုယ်ပိုင်စိုးရန် အားထုတ်ကြိုးပမ်းသက် နှစ်တစ်ရာကျော်ပင် ဖြစ်သည်။

လွတ်လပ်ရေးရပြီးနောက် ပြည်ပ ပယောဂများ၊ သံသယစွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲ၊ မူစွဲ၊ လူစွဲများဖြင့် ပြည်တွင်းသောင်းကျန်းမှုကလည်း ရာစုနှစ်တစ်ခု၏ တစ်ဝက်နီးပါးရှိခဲ့သည်။ ပြည်သူတို့ လွတ်လပ်ရေး အရသာ မခံစားရဘဲ အသက်ကိုဖက်နှင့်ထုပ်ပြီး ပြေးလွှား ဒုက္ခရောက် နေကြချိန်တွင် အုပ်စုစုံ၊ ပါတီစုံ၊ အယူဝါဒစုံဖြင့် အချင်းချင်း တိုက်ခိုက် အာဏာလုနေသူများသည် သောင်းကျန်းမှုအရသာ ခံတွင်းတွေ့နေ ခဲ့ကြသည်။ နိုင်ငံလွတ်လပ်ရေးရပြီးချိန် ရေကောင်း၊ မြေကောင်း၊ သယံဇာတကောင်းတို့ဖြင့် ညီညာလက်တွဲ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ရမည့် သူများက ထိုသို့မဟုတ်ဘဲ ပြည်သူများအား ဒုက္ခပေးနေကြသည်ကို နယ်ချဲ့နိုင်ငံကြီးများက ပြုံးပြုံးကြီးကြည့်နေခဲ့ကြသည်။ မျက်ဖြူဆိုက်လေ၊ ဆရာကြိုက်လေ ဖြစ်နေခဲ့ကြသည်။

၁၉၄၈ ခုနှစ် မှ ၁၉၆၂ ခုနှစ်အထိ ဖဆပလအစိုးရက ပါလီမန် ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့သည်။ အာဏာရ ဖဆပလ အစိုးရအတွင်း တည်မြဲ(ဖဆပလ)၊ သန့်ရှင်း(ပထစ)ကွဲခဲ့သည်။ ဆိုရှယ်လစ်ပါတီ သုံးခြမ်းကွဲ၊ ကွန်မြူနစ်ပါတီ နှစ်ခြမ်းကွဲရာမှ လေးငါးခြမ်းကွဲ၊ ပြည်သူ့ရဲဘော် နှစ်ခြမ်းကွဲခဲ့သဖြင့် လွတ်လပ်ရေးကြိုးပမ်းစဉ်က အမျိုးသားစည်းလုံး ညီညွတ်ခဲ့သမျှ အကွဲကွဲ ဖြစ်ရသည်။ အမျိုးသား နိုင်ငံရေးအမြင်ဖြင့် လွတ်လပ်ရေး ရယူခဲ့ကြသမျှ မိမိတို့ တစ်ဖက်သတ်ယုံကြည် ခံယူသော နိုင်ငံရေး အယူဝါဒစုံဖြင့် လွတ်လပ်ရေး ပြန်လည်ဆုံးရှုံးစေမည့်လမ်းသို့ ရှေးရှုလာခဲ့ကြသည်။ သို့ဖြစ်ရာ အမျိုးသားရေးသစ္စာရှိသည့် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများက ကြံ့ကြံ့ခံပြီး ပြည်ထောင်စု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ(လွတ်လပ်ရေး)မဆုံးရှုံးစေရေးကို အကြိမ်ကြိမ် ကာကွယ်စောင့်ရှောက်ခဲ့ရသည်။

၁၉၈၈ခုနှစ် စက်တင်ဘာလ ၁၈ရက်နေ့တွင် နိုင်ငံ့တာဝန်ယူပြီးနောက် တပ်မတော်သည် နိုင်ငံတည်ငြိမ်အေးချမ်းသာယာရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြန်လည်တည်ဆောက်ရေးနှင့် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်း များလုပ်ရင်း ပါတီစုံစနစ်ကို စတင်ပျိုးထောင်ပေးခဲ့သည်။ ၁၉၈၈-၈၉ ခုနှစ်များအတွင်း မှတ်ပုံတင်သော ပါတီပေါင်း ၂၃၅ ပါတီရှိခဲ့သည်။ လက်ဝဲပါတီ၊ လက်ယာပါတီ စသည်ဖြင့် မျိုးစုံလှသည်။ လူ ၁၀ဦးက တစ်ဦးကျပ်ငါးဆယ်စီစုပြီး ကျပ်၅၀၀ဖြင့် မှတ်ပုံတင်လိုက်သည်နှင့် တစ်ပါတီ ဖြစ်နေသည်ကို တွေ့ရသည်။ ပါတီမူဝါဒ၊ လမ်းစဉ်၊ ပါတီလမ်းညွှန် သဘောတရားနှင့် ပါတီဝင်အင်အား တစ်ခုမှမပြနိုင်သော ပါတီက ၂၀၀ ကျော် ရှိခဲ့သည်။

၁၉၉၀ပြည့်နှစ် မေလ ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲ ကျင်းပသော အခါ ၉၃ပါတီက ကိုယ်စားလှယ်လောင်းအချို့ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ကျန်ပါတီများ ကိုယ့်သဘောကိုယ်ဆောင်ပြီး ကြွေလျော့သွားခဲ့ကြသည်။ ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်တစ်ဦးမှ အရွေးမခံရသော ပါတီများလည်း ကြွေလျော့သွားကြပြန်ရာ ရွေးကောက်ပွဲပြီးချိန်၌ ပါတီ ၁၀ခုသာ ကျန်တော့ သည်။ ပါတီများမှတ်ပုံတင်ရာ၌ တောထဲမှ ဗကပ သောင်းကျန်းသူများက ၎င်းတို့၏မြေပေါ်(ယူဂျီ) ကိုယ်စားလှယ်များအား မှတ်ပုံတင်ခိုင်းသော ပါတီသုံးလေးခုပါသဖြင့် ထိုပါတီများကို ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်က စိစစ်တွေ့ရှိ ပယ်ဖျက်ခဲ့ရသည်ကို မှတ်မိနေကြဆဲပင်။

အမေရိကန်ပြည်ထောင်စုတွင် ရီပတ်ဘလီကင်ပါတီနှင့် ဒီမိုကရက်တစ် ပါတီနှစ်ခုကသာ ပါတီငယ်များကို စုစည်းပြီး ရပ်တည်ယှဉ်ပြိုင်ကာ တစ်လှည့်စီ အာဏာရနေကြသည်။ ယင်းပါတီနှစ်ရပ်စလုံးသည် လုပ်နည်း လုပ်ဟန်ပိုင်း၌ အပျော့အမာ ကွာသော်လည်း ရည်ရွယ်ချက်မှာ တူညီသည်။

ဗြိတိန်တွင် ကွန်ဆာဗေးတစ်ပါတီနှင့် လေဘာပါတီတို့သာ အဓိက ယှဉ်ပြိုင်ကြသည်။ လစ်ဘရယ်ပါတီမှာ အာဏာအလှမ်းဝေးနေသော အတိုက်အခံပါတီဖြစ်သည်။ ယင်းပါတီအားလုံးပင် ဗြိတိသျှအရင်းရှင် (နယ်ချဲ့)စနစ်ရင်ခွင်မှ ပေါက်ဖွားလာသော ပါတီများဖြစ်သည်။ **အမေရိကန်နှင့် ဗြိတိန်တို့တွင် ကောင်းသောနမူနာများလည်း ရှိသည်။ မိမိတို့ ပြည်ထောင်စုနိုင်ငံတွင်းမှ ခွဲထွက်ရန် လှုပ်ရှားမှုမှန်သမျှကို စစ်အင်အားသုံး နှိပ်ကွပ်သည်။ ပြိုကွဲမခံ၊ ခွဲထွက်မခံ၊ နိုင်ငံတော်ကို ဆန့်ကျင်ဆန္ဒပြ ရာ၌လည်း လူဦးရေနည်းနည်းပါးပါးက ငြိမ်သက်စွာ စတိမျှ ဆန္ဒပြလျှင် သည်းခံသည်။ လူများများ ပြင်းပြင်းထန်ထန် ဆန္ဒပြလာလျှင်မူ နှိမ်နင်းဖြိုခွဲ ရာ၌ လက်စွမ်းထက်လှသည်။ လူနည်းစုဆန္ဒပြမှုကလေးများကို ဟန်ပြ ခွင့်ပြုပြီး ကမ္ဘာကို လှည့်စားသည်။**

ထိုသို့ **မိမိနိုင်ငံတွင် ဝါဒတူပါတီ နှစ်ခုလောက်ကိုသာ ခွင့်ပြု၊ ပြည်ထောင်စုမှ လုံးဝခွဲထွက်မခံ၊ ဆန္ဒပြရာ၌ ပြင်းထန်လာလျှင် နှိပ်ကွပ် ပါလျက် အခြားပြည်ထောင်စုများ၊ နိုင်ငံများ၏ အစိတ်အပိုင်းများ ခွဲထွက် အောင် ဆွပေး၊ ကိုယ်ထိလက်ရောက် ကူညီအားပေး၊ ခွဲထွက်လာလျှင် ချက်ချင်း အသိအမှတ်ပြု၊ ဆန္ဒပြသူများက မင်းမဲ့စရိုက်ဆန်လာပြီး အကြမ်းဖက်လာ၍ ဆိုင်ရာအစိုးရက ဖြိုခွင်းပြီဆိုလျှင် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ လွတ်လပ်ခွင့် စသည့် စကားလုံးများသုံးပြီး ဟန့်တား စသည်ဖြင့် ထင်ရာစိုင်းနေသည်ကို ကမ္ဘာက မြင်နေရသည်။ နိုင်ငံများစွာကို ဘိန်းစားစီမံကိန်းဖြင့် ချည့်နဲ့အောင်လုပ်ပြီးမှ ဝင်သိမ်းလေ့ရှိသော ရှေးက ဗြိတိသျှတို့၏ နည်းကိုယူပြီး နယ်ချဲ့လက်သစ်များက ၎င်းတို့ စိုးမိုးခြယ်လှယ်** လိုသော နိုင်ငံများမှ လူငယ်များကို မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေး စိတ်ဓာတ် ခန်းခြောက်အောင်လုပ်ပြီး ယင်းနိုင်ငံ၏ ခုခံတော်လှန်အား ချည့်နဲ့စေသည့်ပြင် နိုင်ငံတွင်းမှ ဓလေလေများကို လက်ယပ်ခေါ်ထုတ်ပြီး ပြည်ပြေးစီမံကိန်းအတွင်း သွတ်သွင်းအသုံးချကာ နိုင်ငံများစွာကို ဖြိုခွဲ ဖျက်ဆီးနှောင့်ယှက်လျက်ရှိသည်။

ဤသည်တို့ကို လေ့လာသုံးသပ်ကြပြီး **နိုင်ငံတိုင်းမှ မျိုးချစ်အင်အားစု၊ အမျိုးသားရေးအင်အားစုများက နယ်ချဲ့ထောင်ချောက်များကို ရှောင်ရှား ဖယ်ထုတ်လာကြသည်။ နိုင်ငံတိုင်း ကိုယ့်နိုင်ငံ၏ ကာကွယ်ရေးအင်အား၊ စီးပွားရေးအင်အား၊ အမျိုးသားရေးအင်အားများ တိုးပွားအောင်လုပ်ပြီး မိမိနိုင်ငံ ကောင်းကျိုးကို ကိုယ့်အားကိုယ်ကိုး လုပ်ကိုင်ဆောင်ရွက်နေ ကြရသည်။ မြန်မာနိုင်ငံသည်လည်း နယ်ချဲ့ကျော့ကွင်း မသက်ဆင်းဘဲ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ကာ ပိတ်ဆို့၊ နှောင့်ယှက်၊ အဖျက်အမှောင့် များ အကြားမှာပင် နိုင်ငံငြိမ်းချမ်းအောင်၊ တည်ငြိမ်အောင် ယခု ဆယ်စုနှစ် နှစ်ခုအတွင်း ကြိုးပမ်းခဲ့သည်။**

နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများ ဆိုသည်မှာလည်း ငွေမကုန်ဘဲမဖြစ်၊ ငြိမ်းချမ်းတည်ငြိမ်မှု မရှိလျှင်လည်း တည်ဆောက်ရေးလုပ်ငန်းများ မလုပ်နိုင်ပေ။ ပြည်တွင်းပြည်ပ အဖျက်သမားများ၏ ပိတ်ဆို့နှောင့်ယှက်၊ စီးပွားပျက်အောင်လုပ်ဆောင်နေသည့် အဖျက်လုပ်ရပ်များကြားမှ ပြည်တွင်း ငြိမ်းချမ်းရေးကိုရယူပြီး မိမိပြည်တွင်း အင်အားဖြင့် တည်ဆောက်ဖောက်လုပ် သည့် တံတားများ၊ ကားလမ်းများ၊ ရထားလမ်းများ၊ ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များ၊ ဆေးရုံဆေးခန်းများ၊ စက်မှုဇုန်များ၊ ဆည်မြောင်း တာတမံများ(ရေရရှိရေးစီမံကိန်းများ) နိုင်ငံအနှံ့ တိုးတက်သစ်လွင်လာ ခဲ့သည်။ ဤသို့သော အောင်မြင်မှုများရရှိခဲ့ခြင်းမှာ ၅၆ သန်းကျော် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ညီညာလက်တွဲ ကြိုးပမ်းခဲ့ခြင်း၏ ရလဒ်များပင်ဖြစ်သည်။

ယင်းသို့ လက်တွဲညီညာကြိုးပမ်းအားထုတ်ဆောင်ရွက်ခဲ့မှုကြောင့် ရရှိဖြစ်ထွန်းလာသော အောင်မြင်မှုများနှင့်အတူ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ကို တည်ဆောက်ကြရပါဦးမည်။ **ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် မရှိမဖြစ် လိုအပ်ချက်ဖြစ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးလုပ်ငန်းစဉ်များကို အချိန်ကာလသတ်မှတ်ချက်နှင့်အညီ ဆက်လက်အကောင်အထည်ဖော်ရေးအတွက် ပြည်သူတစ်ရပ်လုံးက ကျရာ ကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြရဦးမည်ဖြစ်သည်။**

မိမိတို့သည် ကမ္ဘာသူ၊ ကမ္ဘာသားအားလုံးနှင့် ငြိမ်းချမ်းစွာ အတူ ယှဉ်တွဲနေထိုင်ရေးကို လိုလားပါသည်။ မည်သူ့အကျိုးစီးပွား ပျက်စီးရာ ပျက်စီးကြောင်းကိုမျှ ရှေးရှုလုပ်ဆောင်ဖန်တီးမှု မပြုပါ။ မိမိတို့အပေါ် မလိုတမာ ပြုကျင့်မှုများကိုလည်း မိမိတို့၏ ယဉ်ကျေးမှု၊ ဓလေ့စရိုက်၊ ထုံးတမ်းစဉ်လာများကို မသိနားမလည်၍၊ သဘောမပေါက်၍ ကြံစည် လုပ်ဆောင်နေသည်ဟုသာ ထင်မှတ်သဘောထားကြပါသည်။

မိမိတို့၏ အတိတ်သည် မြူများဆိုင်းနေ၍ မှုန်ဝါးဝါး ဖြစ်နေခဲ့ရ သော်လည်း အနာဂတ်သည်မူ နေလာ နှင်းပျောက်ဆိုသကဲ့သို့ ပန်းတိုင် ထင်ထင်ရှားရှားပေါ်လွင်နေပြီဟု ယုံကြည်မိပါတော့သည်။ ။

ဒီမိုကရေစီနိုင်ငံတော်သစ် အတွက် မရှိမဖြစ် လိုအပ်ချက်ဖြစ်သည့် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေး လုပ်ငန်းစဉ်များကို အချိန်ကာလသတ်မှတ် ချက်နှင့်အညီဆက်လက်အကောင်အထည် ဖော်ရေးအတွက် ပြည်သူတစ်ရပ်လုံးက ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြရ ဦးမည်ဖြစ်သည်။

နိုင်ငံတိုင်းမှ မျိုးချစ်အင်အားစု၊ အမျိုးသားရေးအင်အားစုများက နယ်ချဲ့ ထောင်ချောက်များကို ရှောင်ရှားဖယ်ထုတ်လာကြသည်။ နိုင်ငံတိုင်း ကိုယ့်နိုင်ငံ၏ ကာကွယ်ရေးအင်အား၊ စီးပွားရေးအင်အား၊ အမျိုးသားရေးအင်အားများ တိုးပွား အောင်လုပ်ပြီး မိမိနိုင်ငံ ကောင်းကျိုးကို ကိုယ့်အားကိုယ်ကိုး လုပ်ကိုင်ဆောင်ရွက်နေ ကြရသည်။ မြန်မာနိုင်ငံသည်လည်း နယ်ချဲ့ကျော့ကွင်း မသက်ဆင်းဘဲ ကိုယ့် ခြေထောက်ပေါ် ကိုယ်ရပ်ကာ ပိတ်ဆို့ နှောင့်ယှက်၊ အဖျက်အမှောင့်များ အကြားမှာပင် နိုင်ငံ ငြိမ်းချမ်းအောင်၊ တည်ငြိမ်အောင် ယခု ဆယ်စုနှစ် နှစ်ခုအတွင်း ကြိုးပမ်းခဲ့သည်။

ဝန်ကြီး ဗိုလ်ချုပ်စောထွန်း နေပြည်တော်ပျဉ်းမနား-တောင်ညို-တောင်တွင်းကြီးလမ်းနှင့် ဘွက်ကြီးတံတား တည်ဆောက်ပြီးစီးမှု အခြေအနေ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် မတ် ၈ ရက်တွင် နေပြည်တော်ပျဉ်းမနား-တောင်ညို-တောင်တွင်းကြီးလမ်းတစ်လျှောက်ရှိ လမ်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ငွေချိုလမ်း စခန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၅)မှ အင်ဂျင်နီယာမှူး ဦးစန်းဝေက မိုင်တိုင်(၂၂/၀)မှ (၆၆/၀) အထိ လမ်းလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် လမ်းလုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြ၍ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် အဆိုပါ လမ်းမိုင်တိုင်အမှတ်(၄၄/၃)၌ လမ်းသား မျက်နှာပြင်ချဲ့ခြင်းနှင့် ကျောက်ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားသည်။ ယင်းနောက် ဝန်ကြီးသည် ရန်ကုန်-ပြည်-မကွေး-မန္တလေးလမ်း၏ မိုင်တိုင်အမှတ် (၂၁၁/၇)ရှိ ဘွက်ကြီးတံတားကို ကြည့်ရှုစစ်ဆေးပြီး ဆောင်ရွက်ရန် ကိစ္စရပ်များကို တာဝန်ရှိသူများအား မှာကြားသည်။ ဘွက်ကြီးတံတားသစ်မှာ ယခုအခါ အချောသပ်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး မကြာမီဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရွှေတိဂုံစေတီတော်၏ (၂၅၉၆ နှစ်မြောက်) ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်အကြို ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

ရွှေတိဂုံစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်အကြို ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် မတ် ၁၀

ရွှေတိဂုံစေတီတော်၏ (၂၅၉၆-နှစ်မြောက်) ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်အကြို ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို ယမန်နေ့ နံနက် ၈ နာရီတွင် ရွှေတိဂုံစေတီတော်မြတ်ကြီး ရင်ပြင် ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ အလှည့်ကျ သဘာပတိ ဦးကျော်ထွန်းက နှုတ်ခွန်းဆက်စကား ပြောကြားပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန တာဝန်ခံဆရာဝန်ကြီး ဒေါက်တာ ဒေါ်သီတာအောင်က သွေးလှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ စေတီတော်ဂေါပကအဖွဲ့ဝင် ဒေါက်တာ တင်သိန်းလွင်က သွေးလှူဒါန်းရခြင်း အကျိုးကျေးဇူးများကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် သွေးလှူရှင်များကိုယ်စား (၆)ကြိမ်မြောက် သွေးလှူရှင် ဦးကျော်စည်သူက သွေးလှူဒါန်းခွင့်ရရှိ၍ ကျေးဇူးတင်စကားပြောကြားပြီး ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က သွေးလှူဒါန်းပွဲဖြစ်မြောက်ရေးအတွက် လုပ်အားဒါနကုသိုလ်ပြုကြသည့် ဒေါက်တာဒေါ်သီတာအောင်နှင့်အဖွဲ့အား အနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲကို ဒလမြို့နယ်၌ ကျင်းပရာအမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ဗိုလ်မှူးကြီး ဝင်းနောင် အရောင်းဆိုင်ခန်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဒလမြို့နယ်၌ ဈေးရောင်းပွဲတော် ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၁၀

အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲကို ယမန်နေ့ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်း ဒလမြို့နယ် ဗိုလ်တေဇ အားကစားကွင်း၌ ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ဗိုလ်မှူးကြီး ဝင်းနောင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းတို့က အထူးဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဈေးပွဲတော်အတွင်း လှည့်လည်ကြည့်ရှု၍ ဝယ်ယူအားပေးကြသည်။

အထူးဈေးရောင်းပွဲတော်တွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ စက်ရုံများမှ ထုတ်လုပ်သော စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ ၃၅၈ မျိုးကို ရောင်းချပေးမည်ဖြစ်ပြီး ဈေးရောင်းပွဲတော်ကို မတ် ၁၈ ရက်အထိ ရောင်းချပေးမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာသကျအတုလမာန်အောင် ငါးထပ်ကြီးဘုရားစောင်းတန်းအသစ် တည်ဆောက်ခြင်းအတွက် ရန်ကင်းမြို့နယ် ၁၆ ရပ်ကွက် သာယာရွှေပြည်လမ်းနေ ဦးမြင့်အောင်-ဒေါ်ခင်ဝါလေး မိသားစုတို့က အလှူငွေကျပ် တစ်သိန်းကို ဂေါပကအဖွဲ့ဝင် ဦးသောင်းညွန့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကျေးလက်ရေပေးရေးဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၁၀

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော တွင်းတိမ်ကျေးလက်ရေပေးရေး ဖွင့်ပွဲအခမ်းအနားကို ဆိတ်ချေးကုန်းကျေးရွာတွင် ဖေဖော်ဝါရီ ၁၀ ရက်က ကျင်းပရာ ဖွင့်ပွဲအခမ်းအနားသို့ ခရိုင်နှင့် မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့တက်ရောက်ကြပြီး ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်း၊ ခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးမြင့်အောင်၊ တာဝန်ခံ အင်ဂျင်နီယာ ဦးအာကာမြတ်သူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (မြို့နယ်စည်ပင်)

ယာဉ်မတော်တဆမှု လျှော့နည်းပပျောက်ရေး စစ်ဆေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟောပြော

ရန်ကုန် မတ် ၁၀

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန၊ ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တိုင်းဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကံညွန့် ဦးဆောင်၍ ရန်ကုန်တိုင်း မော်တော်ယာဉ် လိုင်းပေါင်းစုံ ထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီ (အဝေးပြေး) ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့၊ ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူများ ပူးပေါင်း၍ အောင်မင်္ဂလာ အဝေးပြေးယာဉ်ရပ်နားစခန်း စစ်ဆေးရေးဂိတ်၌ မတ် ၅ ရက်က ခရီးသည်တင်ယာဉ်ကြီးများတွင် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ သတ်မှတ်လိုင်စင် ပါရှိမှု ရှိ၊ မရှိ၊ ယာဉ်ကြံ့ခိုင်မှု ရှိ၊ မရှိတို့ကို ရှောင်တခင် စစ်ဆေး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ စနစ်တကျ မောင်းနှင်ကြရန် ပညာပေးဆောင်ရွက်သည်။

ဆက်လက်၍ ယာဉ်ရပ်နားစခန်း၌ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင်ရုံးမှ ခရိုင်ဦးစီးမှူး ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်သိန်းသည် ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာန လ/ထညွှန်မှူး ဦးညီညီ၊ ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယ ရဲမှူး မြင့်အောင်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဦးစောလင်း၊ လက်ထောက်ဌာနမှူးတို့နှင့်အတူ အောင်မင်္ဂလာအဝေးပြေး ယာဉ်ရပ်နားစခန်း တာဝန်ခံရုံး အစည်းအဝေးခန်းမ (မြောက်ဥက္ကလာပ)၌ ဂိတ်တာဝန်ခံများ၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ စုစုပေါင်း ၈၇ ဦးအား ယာဉ်မတော်တဆမှု လျှော့နည်းပပျောက်ရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ဟောပြောခဲ့ပြီး သက်ဆိုင်ရာ ဌာနများမှ တာဝန်ရှိသူများကလည်း မိမိတို့ဌာနနှင့် သက်ဆိုင်သည့် လုပ်ငန်းဆိုင်ရာများ ရှင်းလင်းဟောပြောခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ဝဲပုံ)** (သတင်းစဉ်)

ပေါင်မြို့နယ် အခြေခံပညာ မူလတန်းကျောင်း ကဒါ(မင်းတန်း)၏ ၂၀၀၆-၂၀၀၇ ခုနှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက်က ကျင်းပရာ သူငယ်တန်းမှ ပထမဆုနှင့် သန့်ရှင်းမောင် ဆုရ မောင်အေးချမ်းအောင် (ခ) ချစ်စုအား မြို့နယ်ပညာရေးမှူး ဦးအောင်ချစ် ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

☞ ကျောဖုံးမှ

ရှင်းလင်းပြောကြားချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ ပြန်လည်ရှင်းလင်းပြောကြားချက်များ

အဆွေတော်အနေနဲ့ ကျွန်တော်တို့နိုင်ငံကိုလာရောက်ရာမှာ နယူးယောက်မှ စင်ကာပူ၊ စင်ကာပူမှ ရန်ကုန်အထိ ခရီးနှစ်ဆင့်ကို အချိန်ပေါင်းများစွာပေးပြီး ပင်ပန်းကြီးစွာ လာရောက်ခဲ့ရခြင်းဖြစ်ပါတယ်။ ဒါ့အပြင် ရန်ကုန်မှာလည်း ငါးရက်တာကာလအတွင်း ခရီးစဉ် Schedule များ ဆက်တိုက်ဆိုသလိုဖြစ်ခဲ့ပြီး နားချိန်မရှိလောက်အောင် ဖြစ်ခဲ့တဲ့ အတွက် အဆွေတော်အနေနဲ့ လွန်စွာပင်ပန်းလိမ့်မယ်လို့လည်း နားလည်စာနာမိပါတယ်။ အခုလို ကျွန်တော်တို့ဆီကို အချိန်ပေး၊ အပင်ပန်းခံလာရောက်ပြီး ဆောင်ရွက်ပေးခဲ့တဲ့အတွက် အဆွေတော်တို့ကို အထူးပဲ ကျေးဇူးတင်ရှိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

ကျွန်တော်တို့အနေနဲ့ကတော့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရဲ့ အခန်းကဏ္ဍကို အလေးထားသော အားဖြင့်လည်းကောင်း၊ အဆွေတော်ရဲ့ အပင်ပန်းခံလာရောက်ပြီး ကြိုးပမ်းအားထုတ်ဆောင်ရွက်မှုများအပေါ် ပူးပေါင်းဆောင်ရွက်လိုသည့် သဘောထားကို ပြသသောအားဖြင့်လည်းကောင်း အဆွေတော်ရဲ့ ခရီးစဉ်တိုင်းမှာ တတ်နိုင်သမျှ လိုက်လျောဆောင်ရွက်ပေးလျက်ရှိပါတယ်။ ယခင်ခရီးစဉ်များတုန်းက အဆွေတော်ရဲ့အကြံပြုချက်များ အပေါ် အပြုသဘောဆောင်ပြီး လိုက်လျောဆောင်ရွက်ပေးမှုများရှိခဲ့သလို ယခုအခေါက်မှာလည်း ကျွန်တော်တို့ဘက်က အတတ်နိုင်ဆုံးပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်။ မူလက အဆွေတော်ရဲ့ခရီးစဉ်ကို မြန်မာနိုင်ငံမှာ လေးရက်စီစဉ်ထားခဲ့ ပေမယ့် အဆွေတော်ရဲ့မေတ္တာရပ်ခံချက်အရ တစ်ရက် ထပ်တိုးပြီး ငါးရက်ခရီးစဉ်အဖြစ် လိုက်လျောစီစဉ်ပေးခဲ့ပါတယ်။ အဆွေတော် တွေ့ဆုံလိုတဲ့ ပုဂ္ဂိုလ်၊အဖွဲ့အစည်းများကိုလည်း တတ်နိုင်သမျှ စုံစုံညီညီတွေ့ဆုံခွင့်ရအောင် စီမံဆောင်ရွက်ပေး ခဲ့ပြီးဖြစ်ပါတယ်။

ဒီလို ကျွန်တော်တို့ဘက်က အလေးထားပူးပေါင်းဆောင်ရွက်ခဲ့တဲ့အတွက် အဆွေတော်အနေနဲ့ ဒီတစ်ခေါက် မြန်မာနိုင်ငံခရီးစဉ်မှာ ကျွန်တော်တို့ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့အပါအဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့၊ သံတမန်အဖွဲ့များ၊ ကုလသမဂ္ဂဌာနေ ကိုယ်စားလှယ်အဖွဲ့များ၊ ICRC ကိုယ်စားလှယ်များ၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အခြားသော NLD CEC၊ ဒေါ်အောင်ဆန်းစုကြည်နှင့်နှစ်ကြိမ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် စတဲ့ တွေ့သင့်တွေ့ထိုက်တဲ့ ပုဂ္ဂိုလ်များ၊ အသင်းအဖွဲ့များ၊ ပါတီများ စုံစုံညီညီ တွေ့ဆုံဆွေးနွေးခွင့်ရရှိခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် အဆွေတော်အနေနဲ့ မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေမှန်တွေ၊ မြန်မာပြည်သူအများစုရဲ့ဆန္ဒသဘောထားတွေ၊တိုင်းရင်းသားနိုင်ငံရေးပါတီ အပါအဝင် အခြားသော နိုင်ငံရေးပါတီများရဲ့ သဘောထားရပ်တည်ချက်တွေကို ကောင်းစွာသိရှိနားလည် သဘော ပေါက်ပြီးဖြစ်လိမ့်မယ်လို့ ယုံကြည်မိပါတယ်။

ဒါ့လောက်ဆိုရင် **ယနေ့အစိုးရရဲ့ ကြိုးပမ်းဖော်ဆောင်နေမှုများအားလုံးဟာ မြန်မာပြည်သူအများစုရဲ့ ဆန္ဒသဘောထားလိုလားချက်တွေနဲ့အညီ ဘက်စုံထောင့်စုံက စနစ်တကျ အကောင်အထည်ဖော်ပေးနေခြင်းသာ ဖြစ်တယ်ဆိုတာကို အဆွေတော် လေ့လာအကဲဖြတ်လို့ရလောက်ပြီလို့ ယူဆပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီမိုကရေစီရဲ့ အနှစ်သာရနဲ့အညီ အများစုရဲ့ဆန္ဒလိုလားချက်တွေကို ဖြည့်ဆည်းဖော်ဆောင်ပေးနေပေမယ့် အနည်းစုရဲ့ ဆန္ဒသဘောထားတွေကိုလည်း လုံးဝပစ်ပယ်ထားတာ မဟုတ်ပါဘူး။ ဒီမိုကရေစီသဘောအနှစ်သာရနဲ့အညီ အနည်းစုအနေနဲ့လည်း အမျိုးသားရေးလုပ်ငန်းစဉ်မှာ ပါဝင်နိုင်အောင် အခွင့်အလမ်းများ ဖွင့်ပေးထားပြီးဖြစ်ပါတယ်။**

အဆွေတော်သိပြီးဖြစ်တဲ့အတိုင်း မူဝါဒလမ်းစဉ်(၇)ရပ်ရဲ့ အဆင့် (၄) ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ ပြည်သူ့ဆန္ဒ ရယူအတည်ပြုခြင်းကို လာမယ့်မေလအတွင်းမှာ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဲဒီဆန္ဒခံယူပွဲမှာ အစိုးရကိုထောက်ခံသူရော၊ ဆန့်ကျင်သူများပါ ဥပဒေနဲ့အညီ လွတ်လပ်စွာ မဲပေးခွင့်ရရှိကြမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြီးတဲ့အချိန်မှာလည်း ယနေ့ထောက်ခံနေသူများရော၊ ဆန့်ကျင်နေသူများပါသင့်လျော်တဲ့အချိန်မှာ ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များနဲ့အညီ ပါတီများထူထောင်ခွင့်၊ စည်းရုံးလှုပ်ရှားခွင့်၊ ရွေးကောက်ပွဲဝင်ခွင့်များ ရရှိကြမှာပဲ ဖြစ်ပါတယ်။ မူဝါဒလမ်းစဉ် (၇)ရပ်ရဲ့ အဆင့်(၅)ဖြစ်တဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ လူထုဆန္ဒမဲ နဲ့ အရွေးချယ်ခံရပြီဆိုရင် ကျန်အဆင့် (၆)နဲ့ အဆင့် (၇) ဖြစ်တဲ့ လွှတ်တော်များမှာ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပါဝင်ဆောင်ရွက်ခွင့်ရမှာဖြစ်သလို လွှတ်တော်အတွင်း နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကိစ္စရပ်များအား လုံးကို ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ခွင့် မလွဲမသွေရရှိလာကြမှာ ဖြစ်ပါတယ်။ ဒီအချက်တွေကိုကြည့်ရင် ကျွန်တော်တို့ အနေနဲ့ အမျိုးသားနိုင်ငံရေးလုပ်ငန်းစဉ်မှာ All Inclusive ဖြစ်အောင် စီမံပေးထားသလို ယနေ့ကျွန်တော်တို့ကို ဆန့်ကျင်နေသူများအတွက်လည်း Win-Win Situationအခြေအနေကို ရွေးချယ်ခွင့် ဖန်တီး လမ်းဖွင့်ပေးထားတယ် ဆိုတာကိုလည်း ထင်ရှားစွာ သုံးသပ်တွေ့ရှိနိုင်မှာဖြစ်ပါတယ်။

ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင် ယနေ့ကျွန်တော်တို့ဦးတည်လျှောက်လှမ်းနေတဲ့လမ်းကြောင်းသည် သာလျှင် ကျွန်တော်တို့နိုင်ငံနဲ့ ကျွန်တော်တို့ပြည်သူအတွက် အသင့်မြတ်ဆုံး၊ အမှန်ကန်ဆုံး လမ်းကြောင်းဖြစ်သလို နိုင်ငံအေးချမ်းတည်ငြိမ်စွာနဲ့ ဒီမိုကရေစီစနစ်သို့ သိမ်မွေ့ညင်သာစွာ ကူးပြောင်းနိုင်ရေးအတွက် အကောင်းဆုံး နည်းလမ်းလည်းဖြစ်တယ်လို့ အခိုင်အမာ ယုံကြည်ထားပါတယ်။ ဒါကြောင့် အဆွေတော်အနေနဲ့လည်း ဒီလမ်းကြောင်း မှန်ပေါ်မှာ မြန်မာပြည်သူအားလုံး အောင်မြင်ချောမောစွာ ပန်းတိုင်အရောက် လှမ်းလျှောက်ချီတက်နိုင်ရေးအတွက် ကျွန်တော်တို့နဲ့အတူ ပူးပေါင်းကူညီဆောင်ရွက်ပေးဖို့မျှော်လင့်ပါတယ်။

အဲဒီလိုသာ အဆွေတော်တို့ရဲ့ ပူးပေါင်းပံ့ပိုးထောက်ကူမှုကို ရရှိမယ်ဆိုရင် ကျွန်တော်တို့အနေနဲ့ ကမ္ဘာ့ကုလ သမဂ္ဂက လိုလားတဲ့၊ နိုင်ငံတကာက လိုလားတဲ့၊ မြန်မာပြည်သူအားလုံးက လိုလားတဲ့၊ ဆန့်ကျင်ဘက်အဖွဲ့များကရော ကျွန်တော်တို့ကပါ လိုလားတဲ့ ဒီမိုကရေစီပန်းတိုင်ကို အမြန်ဆုံးအောင်မြင်အောင် အကောင်အထည်ဖော် တည်ဆောက် နိုင်မှာပဲ ဖြစ်ပါတယ်။ အဲဒီအခါမှာ မြန်မာပြည်သူများအားလုံး ဒီမိုကရေစီနည်းလမ်းတကျ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်နိုင်တဲ့အဆင့်မျိုးကို အမြန်ဆုံးရောက်လာမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

၇-၃-၂၀၀၈ရက်နေ့ တွေ့ဆုံမှုမှာ ကျွန်တော်တို့ဘက်ကလည်း ကျွန်တော်တို့၏ အမြင်နှင့်ရပ်တည်ချက်များကို ပွင့်ပွင့်လင်းလင်း မချွင်းမချန် ရှင်းလင်းဆွေးနွေးချပြခဲ့ပြီးဖြစ်သကဲ့သို့ အဆွေတော်ဘက်ကလည်း ကုလသမဂ္ဂနှင့် အဆွေတော်၏ ဆန္ဒသဘောထားများကို ပွင့်လင်းစွာပင် ပြန်လည်ဆွေးနွေးရှင်းလင်းခဲ့ပြီး ဖြစ်ပါတယ်။ အပြု သဘောဆောင်သော အဆွေတော်၏ အကြံပြုချက်များအတွက်လည်း ကျေးဇူးအထူးတင်ပါတယ်။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ရုံး၏ အခန်းကဏ္ဍကို တစ်ကမ္ဘာလုံးက ကြိုဆိုထောက်ခံလျက်ရှိသလို ကျွန်တော်တို့ နိုင်ငံကလည်း အမြဲအသိအမှတ်ပြုကာ အလေးထားပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ထပ်လောင်းပြောကြား လိုပါတယ်။

နိဂုံးချုပ်အနေနဲ့ အဆွေတော်နဲ့ကျွန်တော်တို့အဖွဲ့ရဲ့ ပွင့်လင်းရင်းနှီးစွာရှင်းလင်းဆွေးနွေးမှုများမှနေ၍ နှစ်ဦး နှစ်ဖက်စလုံးရဲ့ ဘုံလိုလားချက်ဖြစ်တဲ့ မြန်မာ့နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအတွက် အောင်မြင်တဲ့ ရလဒ်ကောင်းများရရှိနိုင် လိမ့်မယ်လို့ ယုံကြည်မျှော်လင့်လျက်ရှိပါကြောင်း ပြောကြားလိုပါတယ်။ အဆွေတော်ရဲ့အပြန်ခရီးစဉ်မှာလည်း သွားလမ်းသာလို့ပြန်လမ်းဖြောင့်ပါစေဆိုတဲ့ မြန်မာ့ထုံးစံ ဆုတောင်းစကားနဲ့အညီ အစစအဆင်ပြေချောမွေ့ပါစေကြောင်း မြန်မာပြည်သူအားလုံးက ဆန္ဒပြုလိုက်ပါတယ်။ ဒါ့အပြင် အဆွေတော်တို့ဌာနေကို ပြန်ရောက်တဲ့အခါမှာလည်း ယခုတစ်ခေါက်ခရီးစဉ်နဲ့ပတ်သက်လို့ အဆွေတော်ရဲ့အပြုသဘောဆောင်တဲ့ သုံးသပ်ဆွေးနွေးတင်ပြမှုများကို ကြားနာခွင့်ရဖို့ မျှော်လင့်လျက်ရှိပါကြောင်း ပြောကြားရင်းနိဂုံးချုပ်အပ်ပါတယ်။

တွေ့ဆုံဆွေးနွေးအပြီးတွင် လက်ဖက်ရည်ပွဲဖြင့် တည်ခင်းဧည့်ခံရာ နှစ်ဖက်ရင်းနှီးခင်မင်စွာ နှုတ်ဆက်ပြောဆို ကြပြီး တွေ့ဆုံပွဲကို ညနေ ၃နာရီ မိနစ် ၅၀ တွင် ရုပ်သိမ်းလိုက်သည်။

ထို့အတူ မစ္စတာဂမ်ဘာရီသည် နံနက် ၉နာရီတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် တာဝန်ရှိသူများနှင့် လည်းကောင်း၊ မွန်းတည့် ၁၂နာရီတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် လည်းကောင်း စိမ်းလဲ့ကန်သာနိုင်ငံတော်ဧည့်ဂေဟာ၌ ထပ်မံတွေ့ဆုံခဲ့ပြီး ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

(၆၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲ ကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တား နှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူတို့နှင့် အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အား တောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား အမျိုးသားပတ်လည် အမှတ်ပေး ဟော်ကီပြိုင်ပွဲဖွင့်ပွဲတွင် ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား အမျိုးသားပတ်လည် အမှတ်ပေးဟော်ကီပြိုင်ပွဲ

ရန်ကုန် မတ် ၁၀

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၈ခုနှစ် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား အမျိုးသားပတ်လည် အမှတ်ပေးဟော်ကီပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းတွင် သိမ်ဖြူလမ်းရှိ နိုင်ငံတကာအဆင့်မီမြက်ခင်းတုဟော်ကီအားကစားကွင်း၌ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မြင့်စိုး၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်နှင့်အမှုဆောင်များ၊ အထူး ဖိတ်ကြားထားသူများနှင့် ဟော်ကီ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဖွင့်ပွဲတွင် ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်က ကျေးဇူးတင်စကား ပြောကြားသည်။ ဖွင့်ပွဲ မစတင်မီ တေးသံရှင်များက အဆိုအကများဖြင့် ဖျော်ဖြေကြသည်။ ထို့နောက် ပြိုင်ပွဲကို စတင်ကျင်းပရာ ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းနှင့် တပ်မတော်ဟော်ကီကော်မတီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပြီး တပ်မတော်(လေ) အသင်းက ရန်ကုန်လူငယ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

မတ် ၁၁ရက် နံနက် ၇နာရီခွဲတွင် ပထမပွဲအဖြစ်တြိဂံဒေသတိုင်းစစ်ဌာနချုပ်နှင့် အရှေ့တောင်တိုင်း စစ်ဌာနချုပ်အသင်း၊ ဒုတိယပွဲအဖြစ် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းနှင့် တပ်မတော်(ရေ)အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

အထက-၁၊ ပုသိမ်(ဟိုက်စကူးကျောင်း)အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၀

အထက-၁-ပုသိမ်(ယခင်ဟိုက်စကူးကျောင်း)တွင် ၁၉၅၀-ခုနှစ်မှ ၂၀၀၇ခုနှစ်အတွင်း ပညာသင်ကြားခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၂၃ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် အဆိုပါကျောင်းရှိ ရတနာတန်ဆောင်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် အသက် (၆၀)ပြည့်နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများ တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။

အာစရိယပူဇော်ပွဲအတွက် အလှူငွေများ ပါဝင်လှူဒါန်းလိုသူများသည် ဒုတိယဗိုလ်မှူးကြီး လှမြင့်(ငြိမ်း) ဖုန်း-၀၉-၅၃၅၀၇၇၉၊ ဦးတင်ဝင်း (သ/မ)ဦးစီး(ငြိမ်း) ဖုန်း-၀၄၂-၂၅၄၇၄၊ ဦးခင်မောင်ဝင်း ခရိုင်ဥပဒေအရာရှိ(ငြိမ်း) ဖုန်း-၀၄၂-၂၂၀၄၀၊ ဦးမောင်ကြိုင် ဖုန်း-၀၉-၅၁ ၆၉၁၃၅၊ ဒေါက်တာအောင်စိန်-ဒေါ်မိုးမိုးအေး ဖုန်း-၀၄၂-၂၂၃၀၁၊ ဦးတင်အောင် ဖုန်း-၀၁-၂၄၆၃၀၀၊ ဗိုလ်ကြီးစောလင်း (ငြိမ်း)ဖုန်း-၀၉-၈၀၃၃၀၇၈၊ ၀၁-၆၃၆၉၁၅၊ ဦးသိန်းအေး ဖုန်း- ၀၄၂-၂၂၂၅၀၊ ဦးသစ်ဦး ဖုန်း-၀၄၂-၂၅၃၂၀ နှင့် ဦးမြင့်ရွှေ တရားရုံးချုပ်ရှေ့နေ ဖုန်း - ၀၁-၅၇၇၂၈၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

သစ္စာသိဒ္ဓိရှင်ဆုတောင်းပြည့်စေတီ ဌာပနာအောင်ပွဲကျင်းပ

ရန်ကုန် မတ် ၁၀

လှိုင်သာယာမြို့နယ် အမှတ် (၁၁) ရပ်ကွက် ဘုရင့်ဏီလမ်း၌ တည်ထားကိုးကွယ်တော်မူသော သစ္စာသိဒ္ဓိရှင်ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ ဌာပနာအောင်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက်က ကျင်းပရာ မြို့နယ်လက်ထောက် သာသနာရေးမှူး ဦးတင်ဝင်း၊ မြို့နယ် လက်ထောက်ပညာရေးမှူး ဦးမြတ်ဝေတိုး၊ အမှတ် (၁၀)ရပ်ကွက် ဥက္ကဋ္ဌ ဦးထွန်းခိုင်နှင့် အမှတ် (၁၁) ရပ်ကွက် ဥက္ကဋ္ဌ ဦးတင်စိုးနီတို့က စေတီတော်အတွင်း ဌာပနာများ သွတ်သွင်း ပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။ (မြို့နယ်ပြန်/ဆက်)

တစ်ဖက်လူအား နှစ်နာအောင် တမင်လူချကစားလျှင် ဘောလုံးကစားခွင့် တစ်သက်တာ ပိတ်ပင်သင့် ဖီဖာဥက္ကဋ္ဌ ဆပ်ဘလက်တာ ပြောကြား

လန်ဒန် မတ် ၁၀

ဘောလုံးကစားရာတွင် တစ်ဖက်လူအား တစ်သက်တာ ရည်ရွယ်ချက်ရှိရှိ ဆိုးဆိုးရွားရွား အနာတရဖြစ်စေရန် ကြမ်းကြမ်းတမ်းတမ်း ကစားခြင်းသည် အပြစ်ရှိသော အပြုအမူဖြစ်သည်။ သို့ဖြစ်၍ ထိုသို့ကြမ်းကြမ်းတမ်းတမ်း လူချကစားသည့် ဘောလုံးသမားအား ဘောလုံးလောကမှ ရာသက်ပန် ထုတ်ပယ်သင့်သည်ဟု ရှုမြင်ကြောင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ) ဥက္ကဋ္ဌ ဆပ်ဘလက်တာ၏ ပြောကြားချက်ကို မတ် ၇ ရက်ထုတ် တိုင်းမ်သတင်းစာ၌ ဖော်ပြသည်။

အပြည်ပြည်ဆိုင်ရာ ဘောလုံးဘုတ်အဖွဲ့သည် နိုင်ငံတကာ ဘောလုံးစည်းမျဉ်းစည်းကမ်းများနှင့် စပ်လျဉ်း၍ မတ် ၈ ရက်တွင် စကော့တလန်ဒေသ ဂလင်နီဂယ်အရပ်တွင် ကျင်းပသည့် အစည်းအဝေး၌ ဆွေးနွေးခဲ့ကြသည်။

မျက်မှောက်ကာလတွင် ဘောလုံးကစားရာ၌ အခြားသူအား ကြံရွယ်ချက်ဖြင့် နှစ်နာအောင် ပြုလုပ်ခြင်းသည် အပြစ်ရှိသော လုပ်ရပ်ဖြစ်သဖြင့် ထိုသို့ မပြုလုပ်စေရန် တားမြစ်သင့်သည်။ ဤနေရာတွင် မန်နေဂျာများနှင့် အသင်းနည်းပြများသည် မိမိအသင်း အနိုင်ရရေးမှ ဖြင့် ကစားသမားများကို ရည်သူနည်းဖြင့် အနိုင်ကစားစေရန် တွန်းအားပေးတတ်ကြသည်။ ထိုအခြေအနေကြောင့် ဒိုင်များအနေဖြင့် ပွဲကို တင်းတင်းကျပ်ကျပ် ထိန်းသိမ်းကြရတော့သည်။

ဒိုင်များအနေဖြင့် ပွဲကို စတင်ကြိုးကြပ်ရသည့်အချိန်မှစ၍ ကစားပွဲကို ပြစ်ဒဏ်အောမပေးဘဲ ဝင်ရောက် မဟန့်တားဘဲ မည်မျှကြာကြာ လွှတ်ထားရမည်ဆိုသည့် ကိစ္စကို ဆုံးဖြတ်ရသည်။ ပွဲကစားချိန် မိနစ် ၂၀ ခန့် ကြာသည့်တိုင် အဝါကတ်၊ အနီကတ် မပြရလျှင်ပင် ထိုပွဲကို ပွဲကောင်းတစ်ပွဲဟု ဒိုင်များက ယေဘုယျ ယူဆထားကြသည်။

ပြီးခဲ့သောလ ၂၃ ရက်က ကစားခဲ့သောအင်္ဂလန်ပရီမီယာလိဂ်ဘောလုံးပွဲ အာဆင်နယ်အသင်းနှင့် ဘာမင်ဂမ်စီးတီးအသင်းတို့ပွဲတွင် အာဆင်နယ်အသင်းမှ ခရိုအေးရှား တိုက်စစ်မှူးဖြစ်သူ အီဒူအာဒို ဒါဆီးလ်ဗား ခြေကျိုးသည်အထိ ပြင်းပြင်းထန်ထန် ဒဏ်ရာရခဲ့သည်။ (ယာဉ်)

ဘာမင်ဂမ်အသင်း နောက်တန်းလူ မာတင်တေလာက ဘောလုံးဖျက်ထုတ်ရာတွင် ကြမ်းကြမ်းတမ်းတမ်း ကစားခဲ့သဖြင့် တစ်ဖက်ဘောလုံးသမား ခြေကျိုးသွားခဲ့ရခြင်းဖြစ်သည်။ မာတင်တေလာကိုလည်း ဒိုင်လူကြီးက အနီကတ်ပြကာ ထုတ်ပယ်ခဲ့သည်။

အဆိုပါ အဖြစ်အပျက်နှင့် စပ်လျဉ်း၍ ဘောလုံးကစားရာ၌ တမင်ကြံရွယ်ချက်ဖြင့် တစ်ဖက်လူကို ထိခိုက်နစ်နာစေရန် လူချကစားလျှင် ပြစ်မှုကျူးလွန်သူ ဘောလုံးသမားကို ဘောလုံးလောကမှ ထုတ်ပယ်သင့်၊ မသင့် စကော့တလန်နိုင်ငံ၌ ကျင်းပသည့် ဖီဖာဘောလုံးဘုတ်အဖွဲ့ အစည်းအဝေး၌ စဉ်းစားသုံးသပ်ခဲ့ကြသည်။

လောလောဆယ်တွင် အာဆင်နယ်မှ ခြေကျိုးသွားခဲ့ရသည့် အီဒူအာဒို ဒါဆီးလ်ဗားသည် အနည်းဆုံး ကိုးလခန့် နားနေရမည်ဖြစ်သည်။ ကြမ်းကြမ်းတမ်းတမ်း ဖျက်ကစားခဲ့သူ ဘာမင်ဂမ်စီးတီးအသင်းမှ မာတင်တေလာကိုမူ လောလောဆယ် ပွဲသုံးပွဲကစားခွင့် ပိတ်ပင်သည့် ပြစ်ဒဏ် ချမှတ်ထားသည်။

စကော့တလန်နိုင်ငံတွင် စနေနေ့က ကျင်းပခဲ့သည့် နိုင်ငံတကာ ဘောလုံးဘုတ်အဖွဲ့ အစည်းအဝေးတွင် ဆွေးနွေးခဲ့ကြသော ဘောလုံးအကြောင်းအရာများအနက် အင်္ဂလန်ပရီမီယာလိဂ်မှ အာဆင်နယ်နှင့် ဘာမင်ဂမ်ပွဲ၌ ဖြစ်ပွားခဲ့သည့် ကြမ်းကြမ်းတမ်းတမ်း ကစားခဲ့သော ဖြစ်ရပ်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

ဖီဖာဥက္ကဋ္ဌ ဆပ်ဘလက်တာက ဖီဖာအနေဖြင့် ပရီမီယာလိဂ်တွင် ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ ဖြစ်စဉ်အချက်အလက် အပြည့်အစုံကိုတောင်းခံပြီး ဖီဖာအနေဖြင့် ထိုက်သင့်သော ပြစ်ဒဏ် ချမှတ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ပြစ်ဒဏ်အတွက် စဉ်းစားရာတွင် ကြမ်းကြမ်းတမ်းတမ်း ကစားမှုကြောင့် တစ်ဖက်ဘောလုံးသမားဒဏ်ရာရပြီး ဘောလုံးမကစားနိုင်သည့် အချိန် ကာလအတိုင်းအတာ ပမာဏနှင့်အညီ ပြစ်ဒဏ်ကျူးလွန်သူ ဘောလုံးသမားအားလည်း ဘောလုံးကစားခွင့် ပိတ်ပင်ရေးမှသည် တစ်ဖက်လူ ထိခိုက်ဒဏ်ရာရအောင် တမင်ရည်ရွယ် ကျူးလွန်မှုကြောင့် ပြင်းထန်စွာ ဒဏ်ရာရခဲ့လျှင် အဆိုပါ ဘောလုံးသမားအား ဘောလုံးကစားခြင်းမှ ရာသက်ပန် ထုတ်ပယ်ရေး အထိ ပါဝင်သည်။

ကြမ်းကြမ်းတမ်းတမ်း ကစားခဲ့သူ ဘာမင်ဂမ်စီးတီးအသင်းမှ ဘောလုံးသမား မာတင်တေလာနှင့် ပတ်သက်၍ သက်ဆိုင်ရာ ပရီမီယာလိဂ် တာဝန်ရှိသူများထံမှ ပေးပို့မည့်ဖြစ်စဉ် အချက်အလက်များကို အခြေခံပြီး လာမည့်မေလ၌ ဆစ်ဒနီတွင် ကျင်းပမည့် ဖီဖာဘုတ်အဖွဲ့ အစည်းအဝေး၌ ပြစ်ဒဏ် တစ်စုံတစ်ရာ ချမှတ်မည်ဖြစ်ကြောင်း ဖီဖာဥက္ကဋ္ဌက ပြောကြားကြောင်း သိရသည်။

အင်တာနက်။

ပရီမီယာလိဂ်၊စီးရီးအေနှင့် ပရီမီယာလာလီဂါ တနင်္ဂနွေနေ့ပွဲစဉ်များ အနိုင် အရှုံး ရလဒ်

လန်ဒန် မတ် ၁၀

ပရီမီယာလိဂ်

မတ် ၉ ရက် (တနင်္ဂနွေနေ့)က ပရီမီယာလိဂ် ဘောလုံးပွဲစဉ်များ ဆက်လက်ကျင်းပခဲ့ရာ အဲဗာတန်က ဆန်းဒါးလန်းကို တစ်ဂိုး-ဂိုးမရှိ၊ တော့တင်ဟမ်ဟော့စပါးက ဝက်စ်ဟမ်းယူနိုက်တက်ကို လေးဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရရှိပြီး ပရီမီယာလိဂ်ဇယား၌ ဦးဆောင်နေသည့် အာဆင်နယ်အသင်းက ဝီဂန်အသင်းနှင့် ဂိုးမရှိ သရေကျသွားသည်။ အာဆင်နယ် အသင်းအဖွဲ့ သုံးပွဲ ဆက်တိုက် သရေကျခြင်းဖြစ်သည်။

စီးရီးအေ

ထိုအတူ တနင်္ဂနွေနေ့က ကျင်းပသည့် အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲများတွင် ဂျူဗင်တပ်စ်က ဂျီနိုအာကို နှစ်ဂိုး-ဂိုးမရှိ၊ ကာတာနီးယားက ကက်ဂလီယာရီကို နှစ်ဂိုး-တစ်ဂိုး၊ အေစီမီလန်က အမ်ပိုလီကို သုံးဂိုး-တစ်ဂိုး၊ လာဇီယိုက လီဗော်နိုကို နှစ်ဂိုး-ဂိုးမရှိ၊ အေအက်စ် ရိုးမားက နာပိုလီကို နှစ်ဂိုး-ဂိုးမရှိ၊ ဆမ်ဒိုရီးယားက ပါးမားကို နှစ်ဂိုး-တစ်ဂိုး၊ ဆီးနားက ဖီအိုရင်တီနာကို တစ်ဂိုး-ဂိုးမရှိ၊ ကိုရင်နီက အက်လန္တာဘာဂါမိုကို တစ်ဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရသွားသည်။

ပရီမီယာ လာလီဂါ

တနင်္ဂနွေနေ့က စပိန်နိုင်ငံတွင် ကျင်းပခဲ့သည့် ပရီမီယာ လာလီဂါ ဘောလုံးပွဲစဉ်များတွင် အက်သလက်တစ်ဘီလ်ဘာအိုက ဗယ်လာဒိုလစ်ကို နှစ်ဂိုး-ဂိုးမရှိ၊ ဗီလာရီးယဲက ဘာစီလိုနာကို နှစ်ဂိုး-တစ်ဂိုး၊ အိုဆာဆူနာက အယ်မီရီးယားကို နှစ်ဂိုး-တစ်ဂိုး၊ ရေစင်းဆန်တန်ဒါက ရီးယဲဘီတစ်ကို သုံးဂိုး-ဂိုးမရှိ၊ ရီးယဲလ်ဇာရာဂိုဇာက ရီကရီယေတီဗိုကို နှစ်ဂိုး-တစ်ဂိုး၊ အီတာဖဲက ရီးယဲမာဒရစ်ကို သုံးဂိုး-ဂိုးမရှိ၊ ဆီဗီလာက လီဗန့်တီကို နှစ်ဂိုး-တစ်ဂိုးတို့ဖြင့် အသီးသီး အနိုင်ရရှိကြပြီး ဗလင်စီယာနှင့် ဒီပိုတီဗိုကို ရှုနာတို့ နှစ်ဂိုးစီ သရေကျသွားသည်။

အမ်အင်အေ၊ရိုက်တာ။

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

နေပြည်တော်မဟာသကြိန် Tour Gold Cup ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် မတ် ၁၀

နေပြည်တော် မဟာသကြိန် Tour Gold Cup ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၁၃ ရက်မှ ၁၅ ရက်အထိ နေပြည်တော်ဂေါက်ကွင်း၊ ရေပြာတပ်မတော်ဂေါက်ကွင်းနှင့် နေပြည်တော် မြို့တော်ဂေါက်ကွင်းတို့၌ တစ်ကွင်း တစ်ရက်စီဖြင့် သုံးရက် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး သုံးရက်ပေါင်း အကောင်းဆုံးအသင်းအား နေပြည်တော်မဟာသကြိန် Tour Gold Cup ဖလားနှင့် ရွှေအဆင့်အသင်းလိုက်ဆု၊ ဒုတိယရရှိသည့် အသင်းအား ငွေအဆင့် အသင်းလိုက်ဆုများကို ထိုက်တန်စွာ ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

ဂေါက်ကွင်းအလိုက် နေ့စဉ်ပြိုင်ပွဲများတွင်လည်း ပထမ၊ ဒုတိယ၊ တတိယဆုများနှင့် အထူးဆုများကို ကွင်းအလိုက်ထိုက်တန်စွာ သီးသန့်ချီးမြှင့်ပေးသွားမည်ဖြစ်ရာ မြန်မာနိုင်ငံတစ်ဝန်းရှိ အမျိုးသား ဂေါက်သီးရိုက် အားကစားသမားများအနေဖြင့် အသင်းလိုက် ပါဝင်ယှဉ်ပြိုင်နိုင်ရေး နေပြည်တော်မြို့တော်ဝန်ရုံးသို့ အမည်စာရင်းပေးပို့နိုင်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဂျူဒို နည်းပြသင်တန်း ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၁၀

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်တို့က ပူးပေါင်းကျင်းပသော ၂၀၀၈ ခုနှစ် ဂျူဒိုနည်းပြသင်တန်း ၁/၂၀၀၈ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ သုဝဏ္ဏရှိ Goal Hotel၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးအေးကြည်၊ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ဦးနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က အမှာစကား ပြောကြားသည်။ ဂျူဒိုနည်းပြသင်တန်း (၁/၂၀၀၈)ကို ဂျပန်နိုင်ငံမှ ဂျူဒိုနည်းပြဆရာများဖြစ်ကြသော Mr. MAKOTO SAKASHITA (6-DA)၊ Mr. SHUNICHI SAITO (3-DAN)၊ Mr. SHIMAYAMA (4 DAN)တို့က လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၃၂ ဦး တက်ရောက်သင်ကြားကြပြီး သင်တန်းကာလမှာ မတ် ၁၀ ရက်မှ ၃၀ ရက်အထိဖြစ်ကြောင်း သိရှိရသည်။

(ကြေးမုံ)

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး အတွင်း သုံးစွဲသည့် လျှပ်စစ်မီးကြိုးများ စနစ်တကျသွယ်တန်းထားရှိမှု ရှိမရှိကို ဖေဖော်ဝါရီ ၂၉ ရက်က အဖွဲ့ဦးစီးအရာရှိ ဒေါ်ခင်စန်းမြင့်၊ ကောင်စီဝင်ဦးခရိုင် မီးသတ်ဦးစီးမှူး ရဲသူရိန် ဦးဌေးဝင်း၊ ဒုတိယဦးစီးမှူး (ဈေး) ဦးကျော်သန်း၊ ဈေးမိဈေးဖ အကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးဌေးအောင်၊ မြို့နယ်လျှပ်စစ် တာဝန်ရှိသူတို့နှင့်အတူ ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

မြတ်ဆရာ ပူဇော်

အထက (၆) ဗိုလ်တထောင် ယခင် စိန့်ပေါ်(လ်)ကျောင်း (၁၉၆၅-၁၉၈၀) မြတ်ဆရာများနှင့် (၁၉၈၀-၂၀၀၇)အထိ သက်ပြည့်အငြိမ်းစား ဆရာ၊ ဆရာမများအား ဒသမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ် ၂ ရက်တွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပစဉ်။

(က-ပ)

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ မွန်းလွဲ ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှု (Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများဖြစ်ပွားနိုင်ပြီး မလိုလားအပ်သော ဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ပြီး စက်သုံးဆီထုတ်ယူခြင်းအား နေ့စဉ် နံနက် ၇ နာရီမှ မွန်းလွဲ ၁၂ နာရီရှိ အတွင်းသာ ဆောင်ရွက်သင့်ကြောင်း မီးသတ်ဦးစီးဌာန အကြံပြုထားသည်။

ကော့ကရိတ်မြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် မတ် ၁၀

ကော့ကရိတ်မြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို မတ် ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ဗဟန်းမြို့နယ် အားကစားကွင်း (M3 စားသောက်ဆိုင်)၌ ကျင်းပမည်ဖြစ်ပါ၍ အသက် (၇၅)နှစ်အထက် ကန်တော့ခံ အသင်းဝင် သက်ကြီးအဘိုး၊ အဘွားများနှင့် ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲကို ဂုဏ်ထူးဖြင့်အောင်မြင်သူ အသင်းဝင် သားသမီးများ ဦးတင်စိန် (ဥက္ကဋ္ဌ) ဖုန်း-၅၅၃၆၄၄ (၃၁၄)၊ ဦးချစ်ထွေး (ဘဏ္ဍာရေးမှူး) ဖုန်း-၀၉၅၀၀၇၅၅၊ ဦးစမ်းထုံး (အဆွေတော်) ဖုန်း-၀၉၅၀၂၀၃၇၉၊ ဒေါ်သန်းသန်း (နာယက) ဖုန်း-၅၀၂၄၈၉ တို့သို့ ဆက်သွယ်ကြရန်နှင့် မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၁-၃-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတွက်ကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာရုပ်အေးမင်္ဂလာတေး
၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၀ ၆။ နှောင်းခေတ်ဒေါ်တေးဝေသော
၈:၁၅ ၇။ (၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၂၀ ၈။ International News.
၈:၄၅ ၉။ Let's Go.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေးစစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ
- ပထမနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၄:၄၅ ၄။ တပ်မတော်နေ့ဂုဏ်ပြုတေး သီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၄နှစ်)
၅:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၅:၀၅ ၆။ ခံစားနားဆင်တေးဂီတ
၅:၁၅ ၇။ ဆိုကြမယ်ပျော်ကြမယ်
၅:၅၀ ၈။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၂၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၂၅ ၁၁။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၅၀ ၁၂။ သုတစုံလင်ရွှေဘဏ်ရင်
၇:၁၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တယ်--ချစ်တယ်" (အပိုင်း-၇)
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာမျှော်ငြိုင်" (အပိုင်း-၁၁)
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီ အစည်းအဝေး(၁/၂၀၀၈)နှင့် လုပ်ငန်းစဉ်များဆိုင်ရာ အစည်းအဝေးများကျင်းပ

နေပြည်တော် မတ် ၁၀

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီ အစည်းအဝေး(၁/၂၀၀၈)ကို မတ် ၆ ရက် နံနက် ၁၀ နာရီတွင် စစ်ကိုင်းမြို့ရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးတွင် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးက အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီ အစည်းအဝေး (၁/၂၀၀၈)တွင် အဖွင့်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် တက္ကသိုလ်၏ လေ့ကျင့်သင်ကြားရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ကြပြီး တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ တိုင်းမှူးက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌနှင့် ဗဟိုသင်တန်းသား ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ပြည်နယ်နှင့်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများမှ ကိုယ်စားလှယ်များ၏ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်လုပ်ငန်းစဉ်များဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ညနေ ၃ နာရီတွင် တက္ကသိုလ်အစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဗဟိုသင်တန်းသား ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် တို့က အမှာစကားပြောကြားကြပြီး ပြည်နယ်နှင့်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ကိုယ်စားလှယ်များက ပြန်လည်တင်ပြဆွေးနွေးကြသည်။

ထို့နောက် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ တိုင်းမှူးက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်က တည်ခင်းဧည့်ခံသည့် မဟာပညာရေးဘွဲ့ သင်တန်း အမှတ်စဉ်(၉) ပညာရေးဘွဲ့ တစ်နှစ်သင်တန်း၊ အမှတ်စဉ်(၁၇) ပညာရေးဘွဲ့(ပေါင်းကူး) နှစ်နှစ်သင်တန်း၊ အမှတ်စဉ်(၃) ပညာရေးဘွဲ့ လေးနှစ်သင်တန်း၊ အမှတ်စဉ်(၃၉) ဆရာအတတ်ပညာ ဒီပလိုမာသင်တန်း၊ အမှတ်စဉ်(၆) နှင့် အလယ်တန်းဆရာအတတ်သင်တန်း အမှတ်စဉ်(၁၇)တို့မှ သင်တန်းသား၊ သင်တန်းသူများအား ဘွဲ့နှင်းသဘင် အကြိုဂုဏ်ပြုညစာ စားပွဲကို ညနေ ၆ နာရီတွင် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ရင်ပြင်၌ ကျင်းပကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်းဝင်းအတွင်း သံဃာသုခ သုံးထပ်ကျောင်းဆောင်နှင့် အခြားသောသာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူ (ဦးစံရင်)အားရည်စူး၍ ရန်ကုန်မြို့ အလုံမြို့နယ် နွယ်သာကီလမ်းနေ ဒေါ်စုစု၊ သမီး စံစံစု၊ မမြသူဇာ၊ မစန္ဒာ၊ သား မောင်ရဲလင်းအောင် မိသားစုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဒေါက်တာ အရှင်ဉာဏဂုရု(ပညာမြေကျောင်း)ထံသို့ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ကျောက်တန်းမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် မတ် ၁၀

ကျောက်တန်းမြို့နယ်အသင်း၏ (၂၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် လက်ဝဲခင်းဒုံးလမ်းရှိ အသင်းမွေရုံ၌ မတ် ၃၀ရက် နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ အသက်(၇၅)နှစ် ပြည့်ပြီးသူ အသင်းဝင်များ၊ ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ အသင်းဝင် သားသမီးများ၊ ကျောက်တန်းမြို့နယ် ကျောင်းပေါင်းစုံမှ တက္ကသိုလ်ဝင် စာမေးပွဲတွင် သုံးဘာသာအထက် ဂုဏ်ထူးရသူများသည် မတ်၁၅ရက် နောက်ဆုံးထား၍ ဦးသင်းမောင် ဖုန်း-၆၅၁၀၆၅၊ ဦးစိုးဝင်း ဖုန်း-၀၅၆-၂၅၁၂၅၊ ဦးစိုးမြင့် ဖုန်း-၂၆၈၃၃၉၊ ဆရာမကြီး ဒေါ်မြင့်မြင့်စိ ဖုန်း-၅၃၅၆၉၈တို့သို့ ဆက်သွယ်ရန်နှင့် အလှူငွေများ လှူဒါန်းနိုင်ပါကြောင်းနှင့် မြို့နယ်သူ၊ မြို့နယ်သားများအား တက်ရောက်ကြပါရန် အမှုဆောင်အဖွဲ့က ဖိတ်ကြားထားသည်။ (က-ပ)

ဓိဝိတဒါန သံဃာ့ဆေးရုံကြီး အလှူရှင်များ ရေစက်ချအလှူတော်မင်္ဂလာပွဲကျင်းပ

ရန်ကုန် မတ် ၁၀

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကိုယ်မင်းကိုယ်ချင်းလမ်း အမှတ်(၃၈)ရှိ ဓိဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ပြည်တွင်း၊ပြည်ပမှ ပစ္စည်းလေးပါးဖြင့် စေတနာထက်သန်စွာ စဉ်ဆက်မပြတ် ထောက်ပံ့လှူဒါန်းခဲ့ကြသော ကျပ်တစ်သောင်းနှင့်အထက် ပဒေသာပင် အလှူရှင်များ၏ (၄၉)ကြိမ်မြောက် စုပေါင်းရေစက်ချပွဲကို မတ် ၈ရက် မွန်းလွဲ ၁နာရီတွင် အဆိုပါ ဆေးရုံကြီး ဝေဠုဝန်ဆောင် ရှစ်ထပ်အဆောက်အအုံ အပေါ်ဆုံးထပ်ရှိ ခန်းမကြီး၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မဟာဗောဓိ ပရိယတ္တိစာသင်တိုက် ပဓာနနာယက၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပဏ္ဍိတာဘိဝံသ ဆရာတော်ထံမှ ဧည့်ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်နှင့် သံဃာတော်များအား အလှူရှင်များက သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ဆရာတော်ထံမှ ရေစက်ချအနုမောဒနာတရား နာယူကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ (ဝဝံ) (သတင်းစဉ်)

မြန်မာနိုင်ငံစင်ကာပူအသင်း(SAM) ပရဟိတဈေးရောင်းပွဲတော်ကျင်းပ

ရန်ကုန် မတ် ၁၀

မြန်မာနိုင်ငံ စင်ကာပူအသင်း (Singapore Association of Myanmar SAM) ၏ ပရဟိတဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ Dusit Inya Lake ဟိုတယ်ရှေ့ရှိ မြက်ခင်းပြင်၌ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ စင်ကာပူအသင်း ဥက္ကဋ္ဌ Mr. Taddy Chia က နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်လင်းမြင့်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chun Hian Kongတို့က ဖဲကြိုးဖြတ်၍ ဈေးရောင်းပွဲတော်ကို ဖွင့်လှစ်ပေးကြသည်။

လှူဒါန်းသွားမည်

အဆိုပါ ဈေးရောင်းပွဲတော်တွင် စားသောက်ဆိုင်များနှင့် နိုင်ငံတကာအဆင့်မီ ဟိုတယ်များမှ စားဖွယ်စုံရောင်းချသည့်ဆိုင်ခန်းများ၊ အဝတ်အထည်မျိုးစုံ၊ လက်ဆောင်ပစ္စည်းများနှင့် ဖန်စီပစ္စည်းအမျိုးမျိုးတို့ကို ရောင်းချလျက်ရှိပြီး ဈေးရောင်းပွဲတော်မှရရှိမည့် အကျိုးအမြတ်များအားလုံးကို မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အခြားပရဟိတ လူမှုရေးအသင်းအဖွဲ့များသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

စမ်းချောင်းမင်းလမ်း ၁၀ ရက် တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁၀

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး တပည့် အနဂါမိဆရာသက်ကြီး၏ ကိုယ်တွေ့ဥာဏ်မြင် သမထဝိပဿနာ အကျင့်မြတ် အလုပ်ပေးတရားတော်ကြီးကို ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးကျော်နိုင်ထွန်းက စမ်းချောင်းမြို့နယ် မင်းလမ်း အမှတ်-၁၄၊ ဒုတိယထပ်တွင် မတ် ၁၅ ရက်မှ ၂၄ ရက်အထိ နေ့စဉ် မွန်းတည့် ၁၂ နာရီမှ ညနေ၅ နာရီထိ မဖွဲ့ဒါနပြုမည်ဖြစ်ရာ မည်သူမဆို လာရောက် အားထုတ်နိုင်ကြောင်းနှင့် ဖုန်း-၅၁၉၀၆၆ ကိုလည်း ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ဖေဖော်ဝါရီ ၂၂ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် တောင်ညွန့်ကြီး ရပ်ကွက် ဘဝတက္ကသိုလ် စာကြည့်တိုက်တွင် စာကြည့်တိုက် ရှင်သန်ခိုင်မာရေး ဟောပြောပွဲနှင့် စာဖတ်ဝိုင်း ကျင်းပစဉ်။ (၇၆)

အလက(၉)အင်းစိန် (ယခင်)စိန့်ဂျော့ဇ်ကျောင်း တတိယအကြိမ် ဆရာကန်တော့ပွဲ

ရန်ကုန် မတ် ၁၀

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အမှတ်(၉) အလက(ယခင်)စိန့်ဂျော့ဇ်တွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ တွေ့ဆုံပွဲနှင့် ၁၉၆၅ခုနှစ်မှ ၂၀၀၇ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဧပြီ ၆ရက် နံနက် ၉နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။ ပူဇော်ခံဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေလှူဒါန်းလိုသူများသည် အလက(၉)အင်းစိန် ဖုန်း-၆၄၀၁၆၉၊ ဦးခင်ချို ဖုန်း-၀၉ ၅၁၃၃၁၀၂၊ ဒေါ်အေးအေးချစ် ဖုန်း-၆၅၂၂၃၈၊ ဒေါ်ညွန့်ညွန့်စိန် ဖုန်း-၆၆၆၈၆၅၊ ဒေါ်စီစီမာ ဖုန်း-၆၄၃၈၇၉၊ ဒေါက်တာယုယုလွင် ဖုန်း-၅၆၅၇၉၆၊ ဦးမြတ်စိုး ဖုန်း-၆၆၆၅၁၅ နှင့် ဦးတင့်ထွန်းဦး ဖုန်း-၂၅၅၁၀၆ တို့ထံတွင် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဆံတော်ရှင် မြတ်မော်တင်စေတီတော်

သတင်းဆောင်းပါး
မောင်တင်လှိုင်(ဟိုတယ်/ခရီး)

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ငပုတောမြို့နယ်ရှိ တန်ခိုးကြီး သာသနာ့သမိုင်းဝင် မဟာမကုဋ္ဍရံသီ ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော်ကို ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၁၃၆၉ ခုနှစ် တပေါင်းလဆန်း ၁ ရက်မှ တပေါင်းလပြည့်နေ့အထိ(မတ် ၇ရက်မှ ၂၁ရက်အထိ) ၁၅ရက်တိုင်တိုင် စည်ကားစွာ ကျင်းပလျက်ရှိပါသည်။

၁၃၆၉ခုနှစ် တပေါင်းလဆန်း ၁ရက်(မတ်၇ရက်) နံနက် ၉ နာရီတွင် ငပုတောမြို့နယ် မဟာမကုဋ္ဍရံသီ

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ငပုတောမြို့နယ်ရှိ မဟာမကုဋ္ဍရံသီ ဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားနှင့် ဗုဒ္ဓပူဇနိယပွဲတော် အခမ်းအနားတွင် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေက အရံစေတီတစ်ဆူအား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်သော ဦးတင်လှိုင် [စာရေးဆရာ မောင်တင်လှိုင်(ဟိုတယ်/ခရီး)]ဇနီး ဒေါ်ခင်အေးမိသားစုအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။

မြတ်မော်တင်စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပပြုလုပ်သော မြတ်မော်တင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓါဘိသေက မင်္ဂလာအခမ်းအနားနှင့် ဗုဒ္ဓပူဇနိယပွဲတော် ရေစက်ချမင်္ဂလာ အခမ်းအနားတွင် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး သာသနာရေးဆိုင်ရာများအား လျှောက်ထားသည်။

မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့်နေ့တွင် ဂေါတမမြတ်စွာဘုရား၏ ဆံတော်ဓာတ် ရှစ်ဆူကို တဖုဿနှင့် ဘလ္လိက ညီနောင်တို့ ပင့်ဆောင်လာသော ဆံတော်များအနက် ဇေယျသေန နဂါးမင်းသည် တန်ခိုးဖြင့် ဆံတော်ဓာတ်နှစ်ဆူကို ရယူခဲ့ပြီး လူနတ်ဗြဟ္မာ သတ္တဝါတို့၏ အကျိုးများဖွယ် ကိုးကွယ်ရာသာ ဖြစ်သင့်သည်ဟု ကြံစည်ပြီးလျှင် ရှေးအခါ သရနတောင် ယခု မော်တင်တောင်တွင် သမုဒ္ဒရာအတွင်းမှ ထုတ်ယူအပ်သော မြသားရတနာတို့ဖြင့် စိုင်တမော့အရွယ်ရှိ စေတီတော်မြတ်ကို တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်။

ဘုရားကြီးမှာ ငလျင်ဒဏ်ကြောင့် ထီးတော်များ မြေသို့ခခဲ့ရာ ယခုအခါ ရွှေထီးတော်ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်အသစ်တို့ကို တစ်ဖန်ပြန်လည် တင်လှူပူဇော်ခဲ့ပြီး စေတီတော်အား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခဲ့သည်။အရံစေတီ ၁၆ဆူကိုလည်း လုံးတော်ပြည့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်နိုင်ခဲ့သဖြင့် သပ္ပာယ်စွာ ဖူးမြော်ခဲ့ရလေသည်။

ဆံတော်ရှင်မြတ်မော်တင် စေတီတော်မြတ်ကြီးတွင် ထူးကဲသော အံ့ဖွယ်များရှိပေသည်။

လပြည့်၊ လကွယ်နေ့များတွင် ရောင်ခြည်တော် လွှတ်လေ့ရှိခြင်း၊ ညချမ်းအခါတွင် စေတီတော် ကုန်းတော်၌ အမွှေးရနံ့များ ကြိုင်လှိုင်သင်းလျက်ရှိခြင်း၊ ခေါင်းလောင်းသံများ မတီးဘဲ မြည်တတ်ခြင်း၊ တောင်ကုန်းနှင့် ပရိဝုဏ်တို့တွင် ရာသီပန်းတို့ မပြတ်ပွင့်ခြင်း၊ ညအခါ စေတီတော်အား တစ်ယောက်တည်း အဓိဋ္ဌာန်ပြု၍ ခုနစ်ပတ် ရစ်ပတ်ပါက ရွှေသံ၊ ငွေသံ ကြားရခြင်း၊ ဒုတိယကမ္ဘာစစ်အတွင်းက နယ်ချဲ့တို့ အမြောက်၊ ဗုံး၊ စက် သေနတ်ကျည်များ ပစ်ခတ်သော်လည်း ကျည်ဆန်တစ်ခုမျှ မခခြင်း၊ ယခုထက်တိုင် ဆွမ်းများ ရုံဖန်ရံခါ ဆွမ်းဦးအောင်မတင်နိုင်ခြင်း၊ လပြည့်လကွယ်တွင် စေတီကုန်းတော်မှ မောင်းသံ၊ ဗုံသံစသော တူရိယာအမျိုးမျိုး၏ အသံများကို အရုဏ်ဦး အခါသမယတို့တွင် ကြားရတတ်ခြင်း၊ ဘေးအန္တရာယ်များ ကျရောက်လာပါက စေတီတော်မြတ်ကြီးအား အာရုံပြု၍ ဆုတောင်းလိုက်သည်ရှိသော် ဘေးအန္တရာယ်များမှ လွတ်ကင်းခြင်း၊ ဘုရားပွဲတော်ကြီးတွင် လူထောင်ချီ၍ လာရောက်သော်လည်း သောက်ရေကန်မှ ရေများ မလျော့ခြင်း၊ တပေါင်းပွဲတော်ကြီးနီးတိုင်း ကျီးအုပ်ကြီးများ၊ အမျိုးအမည် မသိသော ငှက်အုပ်ကြီးများ တောင်တော်နှင့် စေတီတော်အား ပျံဝဲကြခြင်း၊ ဘုရားပွဲတော်တွင် လူပြည့်သည်ဟူ၍ မရှိခြင်း၊ စေတီတော်၏ ရင်ပြင် တောင်တော်တွင် လူပြည့်သည်ဟူ၍ မရှိခြင်း၊ စေတီတော်၏ ရင်ပြင်တွင် ယုံကြည်စွာ အဓိဋ္ဌာန်ပြု၍ ပုတီးစိပ်ပါက ရင်ပြင်တော်မှ မြည်ဟည်းသံများ ကြားရခြင်း၊ စေတီတော်ကို အဝေးမှဖူးတွေ့ရလျှင် စေတီတော် ပရိဝုဏ်သို့ ကြည်ညိုစိတ်ဖြင့်ရောက်ရှိပြီး ဖူးမြော်ဦးခိုက်လျှင် ကာယသုခ၊ စိတ္တသုခနှစ်ပါးစလုံး ချမ်းမြေ့ကြည်နူးရခြင်း စသည်တို့မှာ စေတီတော်မြတ်ကြီး၏ အံ့ဖွယ်တန်ခိုးတော်များပင်ဖြစ်သည်။

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဦးဆောင်မှုဖြင့် မြတ်မော်တင်စေတီတော်မြတ်၏ ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်မပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်ကျေးရွာ၊ ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဝင်များက လုပ်ငန်းများကို စနစ်တကျ စည်းလုံးညီညွတ်စွာ ဆောင်ရွက်နေသည်ကို တွေ့ရပါသည်။

ဆံတော်ရှင်မြတ်မော်တင်စေတီသို့ မြန်မာပြည် အရပ်ရပ်မှ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးပိုင် ရေယာဉ်ကြီးများဖြင့် ရန်ကုန်မြို့နှင့် ပုသိမ်မြို့များမှ နေ့စဉ်သွားရောက်ပူဇော်နိုင်သကဲ့သို့ ရွှေမန်းသူမော်တော်ယာဉ်များ၊ အခြား ပုဂ္ဂလိက မော်တော်ယာဉ်များဖြင့်လည်း သွားရောက်ပူဇော်နိုင်သဖြင့် သွားရေးလာရေးမှာ အထူးလွယ်ကူလှပါသည်။

ဘုရားဖူးများ စိတ်အေးချမ်းသာကြည်ညိုစွာ ဖူးမြော်နိုင်ရန်အတွက် သက်ဆိုင်ရာက အဘက်ဘက်မှ ပြည့်စုံစွာ စီစဉ်ထားရှိပြီးဖြစ်ရာ ကျင်းပဆဲ မဟာမကုဋ္ဍရံသီ ဆံတော်ရှင်မြတ်မော်တင်စေတီ ဗုဒ္ဓပူဇနိယပွဲတော်သို့ သွားရောက်ဖူးမြော် ကြည်ညိုကြပါရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။



ဆံတော်ရှင် မြတ်မော်တင် စေတီတော်

မဟာမကုဋ္ဍရံသီ ဆံတော်ရှင် မြတ်မော်တင်စေတီတော်ကြီးနှင့် အရံစေတီ ၁၆ ဆူအား သပ္ပာယ်စွာ ဖူးတွေ့ရစဉ်။

မြတ်မော်တင် စေတီတော်မြတ်ကြီး၏ ဗုဒ္ဓါဘိသေက အနေကဇာတင်အခမ်းအနားနှင့် ဗုဒ္ဓပူဇနိယပွဲတော် ရေစက်ချ မင်္ဂလာအခမ်းအနားတွင် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ ဖွင့်လှစ်ပေးစဉ်။

ကွမ်းခြံကုန်းမြို့နယ် ဒေးဒနော့စံပြကျေးရွာ ဘိုးဘွားရိပ်သာသို့ အဘွားဒေါ်ဖွာတီ(ကွယ်လွန်)နှင့် မြောက်ဥက္ကလာပမြို့နေ မိဘများဖြစ်ကြသော ဦးကျော်ဝ-ဒေါ်အုန်းကြည်နှင့် မောင်၊ညီမများဖြစ်ကြသော ကိုကျော်ဇင်၊ မရီရီဝင်းတို့ကိုယ်စား တွံတေးမြို့မှ ကိုကျော်ဝင်း-မလှလှဝင်းတို့က ငွေကျပ်တစ်သိန်းလှူဒါန်းရာ ဘဏ္ဍာရေးမှူးဦးငွေသောင်းနှင့် နာယကဦးဝင်းလှိုင်တို့ လက်ခံယူစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၁-၃-၂၀၀၈(အင်္ဂါနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇:၅၅** ၈။ အမျိုးသားရေးတေးကဗျာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ အမျိုးသားရေးတေးကဗျာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- **၄:၁၅** ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၄:၃၅** ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၅၅** ၆။ မျိုးချစ်တပ်မတော်
- **၅:၂၅** ၇။ မြန်မာသံစဉ်ချိုနားဝင်
- **၅:၃၅** ၈။ မြဝတီရုပ်မြင်သံကြားမင်္ဂဇင်းကဏ္ဍ
- **၅:၅၀** ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၁။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၂။ အမျိုးသားရေးတေးကဗျာ
- **၆:၂၅** ၁၃။ ဝတ်စားဆင်ယင်လှစေချင်
- **၆:၄၅** ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပျော်ရွှင်ပါစေ (အပိုင်း-၄)**
- **၈:၀၀** ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ မွေးမြူသုတ
- ၂၀။ ဗွီစီဒီကျော်ကြားတေးများ
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သိမ်းငှက်သူရဲကောင်း(ဒုတွဲ) (အပိုင်း-၄၁)**

ဇာတ်သိမ်းပိုင်း

- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်
☆ အေးချမ်းမှုကို လိုလားသည်
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

ယနေ့အစိုးရ၏ ကြိုးပမ်းဖော်ဆောင်နေမှု အားလုံးသည် မြန်မာပြည်သူအများစု၏ ဆန္ဒသဘောထား လိုလားချက်များနှင့်အညီ ဘက်စုံထောင့်စုံက စနစ်တကျ အကောင်အထည်ဖော်ပေးနေခြင်းသာဖြစ် မိမိတို့ ဦးတည်လျှောက်လှမ်းနေသည့် လမ်းကြောင်းသည်သာလျှင် နိုင်ငံနှင့်ပြည်သူအတွက် အသင့်မြတ်ဆုံး၊ အမှန်ကန်ဆုံးဖြစ်သလို နိုင်ငံအေးချမ်းတည်ငြိမ်စွာနှင့် ဒီမိုကရေစီစနစ်သို့ သိမ်မွေ့ညင်သာစွာကူးပြောင်းနိုင်ရေးအတွက် အကောင်းဆုံး နည်းလမ်းဖြစ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့၊ သံတမန်များ၊ ဒေါ်အောင်ဆန်းစုကြည်တို့နှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်တို့ ထပ်မံတွေ့ဆုံ

တွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့နှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဂမ်ဘာရီနှင့် အဖွဲ့တို့ ရန်ကုန်မြို့ရှိ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ဧည့်ရိပ်သာ၌ တွေ့ဆုံကြစဉ်။
(သတင်းစဉ်)

ရန်ကုန် မတ် ၁၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့နှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဂမ်ဘာရီနှင့် အဖွဲ့တို့သည် ယနေ့ မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်မြို့ရှိ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ဧည့်ရိပ်သာ၌ ထပ်မံတွေ့ဆုံကြသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် မစ္စတာဂမ်ဘာရီက ဦးစွာရှင်းလင်းဆွေးနွေးရာ၌ ယခုကဲ့သို့ မိမိအား မြန်မာနိုင်ငံသို့ လာရောက်ခွင့်ပေးမှု၊ ခရီးစဉ်အတွင်း အစစအဆင်ပြေချောမွေ့အောင်စီစဉ်ပေးမှု၊ ဧည့်ဝတ်ကျေပွန်မှုများအတွက် များစွာကျေးဇူးတင်ပါကြောင်း၊ ၎င်းအပြင် တွေ့သင့်တွေ့ထိုက်သူများနှင့်တွေ့ဆုံဆွေးနွေးခွင့် ရခဲ့သည့်အတွက်လည်း ဝမ်းမြောက်မိပါကြောင်း၊ ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံတို့နှစ်ဖက်အကြား ဆွေးနွေးညှိနှိုင်းမှုများ ဆက်လက်ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံဘက်က အမြဲတံခါးဖွင့်ထားသည်ဟု မျှော်လင့်မိပါကြောင်း၊ ယခု ခရီးစဉ်အတွင်း နှစ်ဦးနှစ်ဖက်အကြား ပွင့်လင်းရင်းနှီးစွာ ဆွေးနွေးအမြင်ဖလှယ်ခွင့် ရခဲ့ပါကြောင်း၊ မိမိတို့ နှစ်ဖက်လုံးအနေဖြင့် မြန်မာနိုင်ငံကို အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံအဖြစ် မြင်တွေ့လိုသည့် ဆန္ဒချင်းတူညီသည်ဟု ယုံကြည်မျှော်လင့်မိပါကြောင်း၊ မိမိ နောက်ထပ်လာရောက်ပြီး နှစ်ဦးနှစ်ဖက် ဆက်လက်ပူးပေါင်းဆောင်ရွက်ခွင့်ရနိုင်မည်ဟု ယုံကြည်မိပါကြောင်း ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဂမ်ဘာရီအား ခရီးစဉ်နှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ➪